# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက် ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၅ ရက်၊ သောကြာနေ့ အတွဲ (၆၁)၊ အမှတ် (၃၀၄)


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဒုတိယဥက္ကဋ္ဌ (၁) စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# လွှတ်တော်သည် ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်

နေပြည်တော် ဩဂုတ် ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဒုတိယဥက္ကဋ္ဌ (၁) စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ယနေ့** *ဖတ် စ ရာ*

မော်လမြိုင်မြို့အနီး၌ နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း တစ်ခုနှင့် လေယာဉ်ကွင်း အသစ် တစ်ခု တည်ဆောက်မည် — ပြည်တွင်းသတင်း စာ - ၄

စားနပ်ရိက္ခာဖူလုံဖို့ သီးနှံသစ်တော ရောနှောစိုက်ပျိုးစို့ — ဆောင်းပါး စာ - ၆

ပညာရေး၏ သဘောသဘာဝနှင့် သင်ရိုးသစ်ပညာရေး — ဆောင်းပါး စာ - ၁၀

မြန်မာ့အလင်း

# အမြင့်ဆုံးသော နိုင်ငံရေးစင်မြင့်ဆီသို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြရာ ဩဂုတ် ၃ ရက်နေ့တွင် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ယခုနှစ် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်၍ မြန်မာနိုင်ငံ၏ တောင်ပေါ်မြေပြန့် ဒေသအားလုံးတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ပြင်းပြသောဆန္ဒဖြစ်သည့် ထာဝရငြိမ်းချမ်းရေးရရှိရန် သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်သူ (Guardian) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်က ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ကို လက်ခံထားပြီးဖြစ်သကဲ့သို့ တိုင်းရင်းသားများနှင့် တိုင်းရင်းသားဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ အပါအဝင် လိုလားချက်များ၊ ဆန္ဒများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်း တိုင်ပင်အကောင်အထည်ဖော်နိုင်ရန် ငြိမ်းချမ်းရေးတံခါးကို ကျယ်ကျယ်ဖွင့်ထားကာ ဖိတ်ခေါ်ကမ်းလှမ်းနေခြင်းပင်ဖြစ်သည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထပ်မံ၍ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားမည်ဖြစ်ရာ အပြန်အလှန်နားလည်မှု၊ ရင်းနှီးချစ်ကြည်မှု၊ သံယောဇဉ်တရားတို့ မြင့်သည်ထက်မြင့်မားလာသည်နှင့်အမျှ မကြာမြင့်မီကာလတွင် ငြိမ်းချမ်းရေးကျောက်တိုင်ကို ခိုင်ခိုင်မတ်မတ် စိုက်ထူနိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးတို့အတွက် ရည်ရွယ်သည့် ဧပြီ ၂၂ ရက် ဖိတ်ခေါ်ကမ်းလှမ်းမှုအပြီး ဖြစ်ပေါ်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှာ စကားလုံးတန်ဆာဆင်မှုများထက် ပို၍ခရီးရောက်သော၊ ရိုးသားပွင့်လင်းမှု အရင်းခံသော ဆွေးနွေးပွဲများအဖြစ်ဖြင့် ရလဒ်ကောင်းများရရှိသော ဆွေးနွေးပွဲများပင်ဖြစ်သည်။ တပ်မတော်က ဦးဆောင်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် တိုင်းရင်းသားများ၊ တိုင်းရင်းသားဒေသများကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များ လွှတ်တော်အသီးသီးသို့ ပိုမိုရောက်ရှိလာစေရေး၊ လိုလားချက်များနှင့် ဆန္ဒများကို အမြင့်ဆုံးသော နိုင်ငံရေးစင်မြင့်ဖြစ်သည့် လွှတ်တော်တွင် တင်ပြဆွေးနွေးနိုင်ရေး တစ်နည်းအားဖြင့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် တိုင်းရင်းသားလူထုကိုယ်စားလှယ်များ ရှေ့တန်းကျကျ ပါဝင်လာနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲစနစ်ကို ပြုပြင်မှုများပြုလုပ်ရန် အဘက်ဘက်မှ ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ (၁) စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဩဂုတ်လ ၄ ရက်နေ့ တွေ့ဆုံဆွေးနွေးမှုသတင်းတွင် နှစ်ဖက်အမြင်များကို အပြန်အလှန်ဆွေးနွေးကြရာ၌ ပြည်ထောင်စုကြီး၏ အကျိုး၊ တိုင်းရင်းသားပြည်သူလူထုကြီး၏ အကျိုးတို့ကို ဦးထိပ်ထား၍ ဆွေးနွေးမှုများကို တွေ့မြင်ကြားသိရသည်မှာ နိုင်ငံတော်၏ အနာဂတ်နှင့် နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူများ၏ အနာဂတ်အတွက် ဝမ်းမြောက်အားတက်ဖွယ်ရာပင်ဖြစ်သည်။

ငြိမ်းချမ်းရေးသည် မိမိတို့နိုင်ငံအတွက် မဖြစ်မနေလိုအပ်ချက်ဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းမှသာ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေးတို့ ဆက်လက်ဖော်ဆောင်နိုင်မည်ဖြစ်သည့် အလျောက် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးကို ရည်မျှော်ကာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ကြပါစေကြောင်း။ ။

# ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

( ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

# ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးမှုသင်တန်းများ လျှောက်ထားနိုင်

## ရန်ကုန်တိုင်းဒေသကြီး

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်) တွင် အသက် (၁၈) နှစ်မှ (၄၅) နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် ၂၀၂၂ ခုနှစ် (၃) လသင်တန်းများဖြစ်ကြသော စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ဆံသသင်တန်း၊ ကွန်ပျူတာသင်တန်းများကို ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။

၂။ အဆိုပါသင်တန်းများအား တက်ရောက်လိုသူများသည် အမှတ် (၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၂၅၀၄၀၂၃၉၂၊ ၀၉-၄၂၀၀၀၃၅၆၀ သို့ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း နေထိုင်ရေး၊ စားသောက်ရေးများ စီစဉ်ပေးပြီး သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသူ၊ သင်တန်းသားများအတွက် ရန်ကုန်မြို့သို့လာသော ခရီးစရိတ်နှင့် အပြန်ခရီးစရိတ်တို့ကို ပံ့ပိုးပေးမည်ဖြစ်ပါသည်။

(ခင်ခင်စိုး)
ကျောင်းအုပ်
မသန်စွမ်းသက်ကြီးသင်တန်းကျောင်း

# သုံးခွမြို့နယ်၌ သဘာဝရေပြင်များအတွင်း ငါးမျိုးများ စိုက်ထည့်

**နေပြည်တော် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် သုံးခွမြို့နယ် သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ရဲနွှဲ့ရိုးချောင်း သုံးခွ-သန်လျင်ကားလမ်း ရဲနွှဲ့ချောင်းတံတားအနီး၌လည်းကောင်း၊ မှော်ဝန်းချောင်းအမှတ် (၉) ရပ်ကွက်တံတားအနီးတွင်လည်းကောင်း ဩဂုတ် ၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး ဦးတင့်လွင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးတင့်နှင့် ဝန်ထမ်း များ၊ လှော်ကားငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် လေးထောင့်ကန်စခန်း တာဝန်ခံများ၊ ဝန်ထမ်းများ တက်ရောက်ကြပြီး လေးထောင့်ကန်စခန်းမှ နှစ်လက်မအရွယ် ငါးခုံးမသားပေါက် ငါးသိန်း၊ လှော်ကားငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမသားပေါက်ကောင်ရေ ၂ ဒသမ ၅ သိန်း စုစုပေါင်း ငါးခုံးမသားပေါက် ၇ ဒသမ ၅ သိန်းကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၂၀ တွင် ရေရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိ

**မန္တလေး ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၀ မှ ကျေးရွာ ၇၁ ရွာ တွင် ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၄၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကြည်စောက ပြောသည်။

အဆိုပါမြို့နယ်များအတွင်းရှိ ကျေးရွာပေါင်း ၇၁ ရွာမှ အိမ်ခြေ ၁၄၉၀၀ ကျော်၊လူဦးရေ ၇၁၀၀၀ ကျော်အတွက် ရေရှားပါးပြတ်လပ်မှုမရှိစေရန် ဇွန်လပထမပတ်မှ စတင်ကာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်း ရေရှားပါးပြတ်လပ်မှု ကြုံတွေ့နိုင်တဲ့ ကျေးရွာတွေကို ရေရရှိနိုင်မယ့် နည်းလမ်းများနဲ့ ဆောင်ရွက်ပေးလျက်ရှိရာမှာ ခုဆိုရင် ၄၀ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ အခု ဘဏ္ဍာနှစ်မှာ ကျေးရွာတွေ ရေရရှိရေးဆောင်ရွက်ဖို့ ပြည်ထောင်စုကနေ ဘတ်ဂျက်ချထားပေးပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၇၀၀ ကျော်နဲ့ ရေရရှိရေးလုပ်ငန်းတွေ အကောင်အထည်ဖော်နေပါတယ်"ဟု ၎င်းက ပြောသည်။

ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် ရေရရှိနိုင်မည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရာတွင် တွင်းတိမ် နှစ်တွင်း၊ တွင်းနက် ၄၄ တွင်း၊ မြေသားရေကန် တစ်ကန်၊ အိမ်သွယ်ရေတိုင်စနစ် ၂၆ ခု၊ ရေသန့်စင်စနစ် သုံးခု၊ ရေစင်တည်ဆောက်ခြင်း တစ်ခု၊ အခြားလုပ်ငန်း သုံးခု စုစုပေါင်း လုပ်ငန်းပေါင်း ၈၀ ဖြင့် ယခုဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်အေးချမ်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဒုတိယဥက္ကဋ္ဌ (၁) စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။

❖ *ရှေ့ဖုံးမှ*

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့တက်ရောက်ကြပြီး ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP) မှ ဒုတိယဥက္ကဋ္ဌ(၁)နှင့်အတူ ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်နှင့် ဗဟိုကော်မတီဝင် စဝ်နော်လိတ်တို့ တက်ရောက်ကြသည်။

**ရှင်းလင်းဆွေးနွေး**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းစေရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ရောက်ရှိနိုင်ရေး တပ်မတော်မှ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် အခြေအနေ၊ **ဒီမိုကရေစီစနစ်တွင် လွတ်လပ်စွာ တွေးခေါ်ပြောဆိုပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များနှင့် လိုအပ်ချက်များကို ပြောဆိုနိုင်သည်ဖြစ်သော်လည်း ဥပဒေနှင့်အညီ ငြိမ်းချမ်းသည့် နည်းလမ်းများဖြင့်သာ ဆွေးနွေးဆောင်ရွက်ရမည့်** အခြေအနေ၊ **ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်ဖြစ်**သည့် အခြေအနေ၊ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်လင်းစွာဖြင့် အကျေအလည် ဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအကျိုးကိုရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် ဆွေးနွေးဆောင်ရွက်သွားကြရန် လိုအပ်သည့် အခြေအနေ၊ **ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာ** ကိစ္စရပ်များ၊ **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ** ကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေး ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဒုတိယဥက္ကဋ္ဌ (၁) စဝ်ခေးတိုင်း အား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

- ❑ **ဒီမိုကရေစီ စနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများ အနေဖြင့်လည်း မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်ဖြစ်**

**ကြိုးပမ်းဆောင်ရွက်**

ထို့နောက် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ (၁) နှင့် အဖွဲ့ဝင်များက **ယခုကဲ့သို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲသို့ ပါဝင်ဆွေးနွေးနိုင်ရေးဖိတ်ခေါ်ပေးခဲ့သည့်အတွက် အထူးဝမ်းမြောက်မိပြီး ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများတွင် တက်ကြွစွာဖြင့် ဆက်လက်ပါဝင်သွားမည့်** အခြေအနေ၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်း ဆောင်ရွက်သွားမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ် ပြည်ထောင်စုနိုင်ငံတော်ကြီးကို ဖော်ဆောင်သွားနိုင်မည့် အခြေအနေ၊ ပါတီစုံဒီမိုကရေစီ စနစ်ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

*စာမျက်နှာ ၃ မှ*

အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးနှင့် ပတ်သက်၍ သဘောထား တူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။

**အပြန်အလှန်ဆွေးနွေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က **တပ်မတော်သည် တိုင်းပြည်ကို ထိန်းသိမ်းစောင့်ရှောက်သူ (Guardian) အဖြစ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး** ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ **တိုင်းရင်းသားအဖွဲ့များအနေဖြင့်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ် အခွင့်အရေးကို ရရှိရန်အတွက် တရားဥပဒေနှင့်အညီ၊ စည်းကမ်းနှင့်အညီ၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်လိုသည့်** အခြေအနေများနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဒုတိယဥက္ကဋ္ဌ (၁) နှင့် အဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဒုတိယဥက္ကဋ္ဌ (၁) မှ ဒေသထွက် လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

> ○ **တပ်မတော်သည် တိုင်းပြည်ကို ထိန်းသိမ်းစောင့်ရှောက်သူ (Guardian) အဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**
>
> ○ **တိုင်းရင်းသားအဖွဲ့များအနေဖြင့်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ် အခွင့်အရေးကိုရရှိရန်အတွက် တရားဥပဒေနှင့်အညီ၊ စည်းကမ်းနှင့်အညီ၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်လို**

အဆိုပါ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဒုတိယဥက္ကဋ္ဌ (၁) ဦးဆောင်သည့် အဖွဲ့သည် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များ ပါဝင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီတို့နှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများကို ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြစ်ကြီးနားမြို့ရှိ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းတွင် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပန္နက်ရိုက်မင်္ဂလာပြုလုပ်



**နေပြည်တော် ဩဂုတ် ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ပန္နက်ရိုက်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျောင်းဝင်းအတွင်းရှိ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်မည့် မြေနေရာ၌ပြုလုပ်ရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက မင်္ဂလာအချိန်တွင် ပန္နက်တော်များကို ရိုက်သွင်းကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။ (ဓါတ်ပုံ) ထို့နောက် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မည့် မြေနေရာအား လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့် အလျားပေ ၁၄၀၊ အနံပေ ၃၀ ရှိ RC နှစ်ထပ်ဆောင် အဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဩဂုတ် ၄**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မှုတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ကြသည်။ (ယာပုံ)

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မော်လမြိုင်မြို့အနီး၌ နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း တစ်ခုနှင့် လေယာဉ်ကွင်းအသစ် တစ်ခု တည်ဆောက်မည်

**နေပြည်တော် ဩဂုတ် ၄**

မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကော့ပရံကျေးရွာအနီးတွင် နိုင်ငံတကာအဆင့်မီ လေယာဉ်ကွင်း အသစ်တစ်ခုနှင့် ဘလောက်ညောင်ဝိုင်းကျေးရွာနှင့် ဝဲကလိကျေးရွာ အကြားတွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းအသစ် တစ်ခုတည်ဆောက်နိုင်ရေးအတွက် မြေနေရာ သတ်မှတ်ထားရှိပြီးဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရဲ့ ပြီးခဲ့တဲ့နှစ် ဇွန် ၁ ရက်က လာရောက်ခဲ့တဲ့ ခရီးစဉ်မှာ မွန်ပြည်နယ်တွင် နိုင်ငံတကာအဆင့်မီလေယာဉ်ကွင်း အသစ်တစ်ခု တည်ဆောက်နိုင်ဖို့နဲ့ ပင်လယ်နဲ့နီးတဲ့အတွက် ဆိပ်ကမ်းမြို့ တစ်ခုအဖြစ် ဖြစ်လာအောင် ဆောင်ရွက်ဖို့ လမ်းညွှန်ခဲ့တာ ရှိပါတယ်။ အဓိကကတော့ ဒေသစီးပွား ပိုပြီးဖွံ့ဖြိုးလာဖို့ ရည်ရွယ်တာ ဖြစ်ပါတယ်။ ဒါကြောင့် လေဆိပ်တစ်ခု တည်ဆောက်သွားဖို့ မြေနေရာရှာဖွေပြီး ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှု တင်ပြခဲ့တယ်။ ဒီလိုပဲ မော်လမြိုင်မြို့ကို ပင်လယ်ဆိပ်ကမ်း မြို့တစ်မြို့အဖြစ် အဆင့်မြှင့်တင်နိုင်ဖို့ ဆိပ်ကမ်းကောင်းတစ်ခု တည်ဆောက်နိုင်မယ့် နေရာကိုလည်း လေ့လာဆန်းစစ်တင်ပြခဲ့ပါတယ်" ဟု မွန်ပြည်နယ် အစိုးရအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့အနီး နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း တည်ဆောက်ရန်အတွက် မြေနေရာစုစုပေါင်း စီမံကိန်း အဆိုပြု ဧရိယာ ၄၆၂၆ ဒသမ ၂၉ ဧက လျာထားဆောင်ရွက်ထားကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

"မွန်ပြည်နယ်မှာ လေဆိပ်နဲ့ ဆိပ်ကမ်းတစ်ခု အကောင်အထည်ဖော်မယ်လို့ သိရပါတယ်။ ဒါကိုလည်း အမြန်ဆုံးအကောင်အထည်ဖော်စေချင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ ဒီကထွက်တဲ့ ကုန်ချောတွေကို ရေလမ်းကြောင်းကနေတစ်ဆင့် အခြားနိုင်ငံတွေကို တင်ပို့ရောင်းချတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီကထွက်ကုန်တွေကို ရန်ကုန်မြို့မှာရှိတဲ့ ဂိုဒေါင်တွေကို ငှားပြီး အဲဒီကနေတစ်ဆင့် ဆိပ်ကမ်း၊ ဆိပ်ကမ်းကနေ သက်ဆိုင်ရာနိုင်ငံကို ပြန်လည်တင်ပို့ရောင်းချရတာ ဖြစ်ပါတယ်။ ဒီအတွက် သယ်ယူပို့ဆောင်ခတွေ အများကြီးကုန်ကျပါတယ်။ ဒီမှာဆိပ်ကမ်းတစ်ခု တည်ဆောက်လိုက်မယ်ဆိုရင်တော့ ဒီကနေတစ်ဆင့် သက်ဆိုင်ရာနိုင်ငံတွေကို တိုက်ရိုက်တင်ပို့နိုင်မှာ ဖြစ်ပါတယ်" ဟု ရော်ဘာလုပ်ငန်းရှင် တစ်ဦးဖြစ်သည့် ဦးထက်အောင်က ပြောသည်။

မွန်ပြည်နယ်အတွင်း နိုင်ငံတကာအဆင့်မီ လေဆိပ်နှင့် ဆိပ်ကမ်း တည်ဆောက်ပြီးပါက ဒေသတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်း၊ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ အလုပ်အကိုင်အသစ်များ ရရှိလာနိုင်ခြင်း စသောအကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။ **မင်းမင်း**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဩဂုတ် ၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ် လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ပရဟိတ မင်းကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကရင်ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာသနဝံမဏ္ဍိုင်ကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ဗုဒ္ဓဃောသကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ မြသပိတ် ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်း ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## တာဝန်မှအနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၃ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)
တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးထင်ကျော်အား ကျန်းမာရေးအရ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# မိခင်နို့တိုက်ကျွေးခြင်းသည် အကျိုးကျေးဇူးများစွာ ရရှိသည့်အတွက် ပိုမိုမြင့်တင်ဆောင်ရွက်ရန်နှင့် တာဝန်ရှိသူများက ပံ့ပိုးပေးကြရန် လိုအပ်

နေပြည်တော် ဩဂုတ် ၄

**ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲမှ ၂၀၂၂ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ဗဟိုအဆင့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက အသက်ငါးနှစ်အောက် ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များသည် အာဟာရချို့တဲ့မှုကို အခံစားရဆုံးအုပ်စုဖြစ်ပြီး ငယ်စဉ်ကပင် အာဟာရဆိုင်ရာ အသိပညာ နည်းပါးခြင်း၊ လွဲမှားသည့် ရှေးရိုးအစားအစာ စားသုံးမှုဓလေ့ထုံးစံများ လွှမ်းမိုးလျက်ရှိခြင်း၊ အာဟာရပြည့်ဝမျှတအောင် ပြင်ဆင်ချက်ပြုတ်စားသုံးတတ်မှုနည်းပါးခြင်း၊ ရောဂါပိုးမွှားများ ကူးစက်ခံရခြင်း၊ ကလေးပြုစုစောင့်ရှောက်တတ်မှု အားနည်းခြင်းစသည့် အကြောင်းအချက်များစွာကြောင့်ဖြစ်ကြောင်း၊ **ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကလေးများအား မွေးစမှ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်နှင့် ကလေးအသက်ခြောက်လ ပြည့်သည့်အချိန်မှစ၍ သင့်တော်သော ဖြည့်စွက်စာနှင့်အတူ အနည်းဆုံး ကလေးအသက်နှစ်နှစ်အထိ မိခင်နို့ကို ဆက်လက်တိုက်ကျွေးရန် အကြံပြုထားကြောင်း၊** Myanmar Demographic and Health Survey (၂၀၁၅-၂၀၁၆) ခုနှစ်အရ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးနှုန်းသည် ၅၁ ရာခိုင်နှုန်းအထိရှိလာသည်ဖြစ်ကြောင်း၊ **ယခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် ဆောင်ပုဒ်သည် "Step Up for Breastfeeding, Educate and Support" ဖြစ်ပြီး "မိခင်နို့ချို တိုက်ဖို့ရာ၊ ဝိုင်းဝန်းပံ့ပိုး ပညာပေးကာ၊ ယနေ့မှစ အရှိန်မြှင့်ပါ" ဟူ၍ မြန်မာဘာသာ ပြန်ဆိုထားကြောင်း၊ မိခင်နို့တိုက်ကျွေးခြင်းသည် အကျိုးကျေးဇူးများစွာ ရရှိသည့်အတွက် ပိုမိုမြင့်တင်ဆောင်ရွက်ရန်နှင့် တာဝန်ရှိသူများက ပံ့ပိုးပေးကြရန် လိုအပ်ကြောင်း၊ အာဟာရစောင့်ရှောက်ရေး လုပ်ငန်း များကို အောင်မြင်စေရေးဆောင်ရွက်ရာတွင် အစိုးရဌာနများသာမက ပြည်သူလူထုအပါအဝင် အဖွဲ့အစည်းများအားလုံး လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက် တိုက်တွန်းကြောင်း ပြောကြားသည်။**

ထို့နောက် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်ပညာပေး ဗီဒီယိုကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဧည့်သည်တော်များသည် အထိမ်းအမှတ် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုအားပေး



ပြီး (အပေါ်ပုံ) အသက်ခြောက်လမှ ငါးနှစ်အောက် ကလေးများကို ဗီတာမင် "အေ" ဆေးလုံးများ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို အဏုအာဟာရဆေးဘူး များ၊ အိုင်အိုဒင်းဆားထုပ်များနှင့် လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်ရာတွင် နှစ်စဉ် ဩဂုတ်လ၏ ပထမပတ်အား ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်၍ လည်းကောင်း၊ ဒုတိယ ရက်သတ္တပတ်အား ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ပြီး အင်အားပြည့် ဗီတာမင် "အေ" ဆေးလုံးများ၊ သန်ချဆေးများ တိုက်ကျွေးခြင်း၊ အာဟာရပညာပေးခြင်းများဆောင်ရွက်ခြင်း၊ တတိယပတ်အား ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်၍ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား အဏုအာဟာရဆေးပြားနှင့် ဗီတာမင်ဘီဝမ်း ဆေးပြားများ တိုက်ကျွေးခြင်း၊ အာဟာရပညာပေးခြင်းများ ဆောင်ရွက်ခြင်း၊ စတုတ္ထပတ်အား အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်၍ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၄**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့ညနေပိုင်းက နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အဖွဲ့ဝင်များက လယ်ဝေးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ အသားတိုးကြက်မွေးမြူထားရှိမှု၊ ဥစားကြက်မွေးမြူထားရှိမှု၊ နို့စားနွား၊ အသားတိုးနွား မွေးမြူထားရှိမှုနှင့် ဆိတ် မွေးမြူထားရှိမှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီထုတ်ချေးနိုင်ရေးဆွေးနွေး

**ဝေါ ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီထုတ်ချေးနိုင်ရေးနှင့် အချိန်စေ့လွှန် ကြွေးကျန်များ ပြေကျေရေးတို့အတွက် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂ ရက်က ဝေါမြို့နယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးနှင့် လက်ထောက်အထွေထွေ မန်နေဂျာ ဦးခင်မောင်စိုးတို့က မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ထုတ်ချေးနိုင်ရေးနှင့် အချိန်စေ့လွှန် ကြွေးကျန်များ ပြေကျေရေး ကိစ္စများနှင့် ပက်သက်၍ တက်ရောက်လာသော ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ချေးငွေစစ်ဆေးရေး အတွင်းရေးမှူးများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူး ခင်မောင်ဆန်းနှင့် အဖွဲ့ဝင်များက မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ထုတ်ချေးနိုင်ရေးနှင့် အချိန်စေ့လွှန် ကြွေးကျန်များ ပြေကျေရေး ကိစ္စများ ဆွေးနွေးပြောကြားသည်။

ဝေါမြို့နယ်အနေဖြင့် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးရာတွင် တစ်ဧကလျှင် တစ်သိန်းခွဲကျပ်နှုန်းဖြင့် ကျေးရွာအုပ်စု ၆၃ အုပ်စု၊ တောင်သူ ၂၀၇ ဦး၏ ဧက ၃၀၈၄၀ အတွက် ငွေကျပ် ၄၆၂၆၀၀၀၀၀၀ ကို ထုတ်ချေးပြီးသော ချေးငွေ အပြေအကျေ ပြန်လည်ပေးပြီးသည့် တောင်သူ လယ်သမားများအား ၂၀၂၂ ခုနှစ် စက်တင်ဘာလကုန်အထိ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်(ခွဲ) မန်နေဂျာ ဒေါ်အေးအေးမှုံ ထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စားနပ်ရိက္ခာဖူလုံဖို့ သီးနှံသစ်တောရောနှောစိုက်ပျိုးစို့

သစ်တောမောင်

**စားနပ်ရိက္ခာဖူလုံရေး**

စားနပ်ရိက္ခာဖူလုံရေးသည် မိသားစုတိုင်းအတွက် အခြေခံအကျဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံတည်ငြိမ်ရေး၊ အေးချမ်းသာယာဝပြောရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံးလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စားနပ်ရိက္ခာအမျိုးမျိုး ထုတ်လုပ်ရေးအတွက် နေ့စဉ်ကြိုးပမ်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် ကမ္ဘာနှင့်တစ်ဝန်း ရာသီဥတု ပြောင်းလဲခြင်း၊ သစ်တောများ ပြုန်းတီးခြင်း၊ မြေဆီလွှာအာဟာရလျော့နည်းလာခြင်း၊ မြေအဆင့်အတန်းလျော့ကျခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ ရေခန်းခြောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်း၊ ပိုးမွှားများ ကျရောက်ခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း စသည့်ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ ဖြစ်ပေါ်လျက်ရှိပြီး စားနပ်ရိက္ခာထုတ်လုပ်မှု ပမာဏလျော့နည်း ကျဆင်းခြင်း၊ အရည်အသွေးများ ကျဆင်းခြင်း၊ စားနပ်ရိက္ခာရှားပါးခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။ အကျိုးဆက်အားဖြင့် စားနပ်ရိက္ခာဈေးနှုန်း ကြီးမြင့်ခြင်းများလည်း ဖြစ်ပေါ်လျက်ရှိသည်။

ယခုအခါတွင် ကမ္ဘာ့နိုင်ငံများ တွေ့ကြုံနေရသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ၊ စိန်ခေါ်မှုများ၊ စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရန် သဘာဝကို အခြေခံသောဖြေရှင်းခြင်းနည်းလမ်းများ (Nature-based solutions) ကို အသုံးပြုရန် အလေးပေး ဆောင်ရွက်လာကြပါသည်။ ဥပမာအားဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ရာသီဥတု သာယာမျှတစေရန် ထိန်းညှိပေးနိုင်ပြီး မြေဆီဩဇာကြွယ်ဝစေသည့် သစ်ပင်များ ရောနှောစိုက်ပျိုးခြင်း၊ ရေဝေရေလဲဒေသ သစ်တောများ ထိန်းသိမ်းခြင်း၊ မြေအသုံးချမှု စနစ်ကျထိရောက်မှန်ကန်စွာ ဆောင်ရွက်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်မည့် စိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုခြင်း (Climate Smart Agriculture–CSA)၊ ကောင်းမွန်သော စိုက်ပျိုးနည်းနှင့် မွေးမြူရေးစနစ်များ အသုံးပြုခြင်း စသည့်နည်းလမ်းများသည် ရိက္ခာဖူလုံရေးအတွက် အလွန်အထောက်အကူပြုနိုင်သည့် သဘာဝအခြေခံသော နည်းလမ်းများဖြစ်ပါသည်။ တစ်နည်းအားဖြင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (Agroforestry) နည်းစနစ်များကို အသုံးပြုခြင်းဖြင့် စားနပ်ရိက္ခာဖူလုံခြင်း၊ ဂေဟစနစ် ထိန်းသိမ်းနိုင်ခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ခြင်း စသည့်အကျိုးကျေးဇူးများ ရနိုင်မည်ဖြစ်ပါသည်။

စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ သစ်တောသယံဇာတများ ထာဝစဉ်တည်တံ့ရေး၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့သည် ဆက်စပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စိုက်ပျိုးရေးထုတ်ကုန်များနှင့် သားငါးမွေးမြူရေး ထုတ်ကုန်ထုတ်လုပ်သူအများစုမှာ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူသူများ၊ အသေးစားထုတ်လုပ်သူများ၊ အစုအဖွဲ့ဖြင့် ထုတ်လုပ်သူများ ဖြစ်ပါသည်။ စားနပ်ရိက္ခာထုတ်လုပ်နိုင်မှုပမာဏနှင့် အရည်အသွေးသည် ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်မှုနှင့် ထုတ်လုပ်သူများ၏ စွမ်းဆောင်ရည်အပေါ်တွင် များစွာမူတည်နေပါသည်။ စိုက်ပျိုးခြင်း၊ သားငါးမွေးမြူခြင်း၊ ငါးဖမ်းခြင်းနှင့် ရေထွက်ပစ္စည်းများထုတ်လုပ်ခြင်း စသည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသေးစား လုပ်ငန်းများ၏ သဘောသဘာဝမှာ နေရာဒေသကို လိုက်၍သော်လည်းကောင်း၊ ဓလေ့ထုံးတမ်းများ၊ ရိုးရာယဉ်ကျေးမှုများ၊ တန်ဖိုးထားစံနှုန်းများနှင့် သော်လည်းကောင်း ဆက်စပ်နေပြီး စားနပ်ရိက္ခာဖူလုံရေးအတွက် အကျိုးပြုလျက်ရှိပါသည်။



**သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (Agroforestry)**

သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းသည် မြေအသုံးချမှု နည်းစနစ်တစ်မျိုးဖြစ်၍ ၎င်းအသုံးချခံ မြေဧရိယာပေါ်မှ ရေရှည်အကျိုးအမြတ်အများဆုံး ရရှိရန်နှင့် သစ်တောထွက်ပစ္စည်း၊ စိုက်ပျိုးသီးနှံနှင့် မွေးမြူရေးထုတ်ကုန် သုံးမျိုးအနက် ထုတ်ကုန်တစ်မျိုးထက် ပိုမိုထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ လုပ်ကိုင်သော မြေယာအသုံးချမှု စနစ်တစ်ခုဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

အခြေခံအားဖြင့် သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းစနစ်တွင် သစ်တောသစ်ပင်များနှင့် ဆေးဖက်ဝင်ပင်များ၊ နွယ်ပင်များ အပါအဝင် ရာသီသီးနှံအပင်များ၊ စားပင်သီးပင်များ၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို ဒေသနှင့်ကိုက်ညီသော အဖိုးတန်သစ်တောသစ်ပင်များ၊ ကြီးမြန်ပင်များ စုစည်းပူးပေါင်းစိုက်ပျိုးကာ မြေဧရိယာတစ်ခုတည်းမှ အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ မြေအသုံးချ နည်းစနစ် အမှန်ကန်ဆုံးနှင့် မြေစွမ်းအားအပြည့်အဝ အသုံးချရေးအတွက် စုစည်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များကို ရေရှည်အပြည့်အဝ အသုံးချရေးအတွက် စီမံအုပ်ချုပ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဂေဟစနစ်ကိုတည်ငြိမ်စေပြီး ရာသီဥတုကို ထိန်းညှိပေးနိုင်သည့် သစ်တောသစ်ပင်များ နှင့်တွဲဖက်ပြီး စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ခြင်းဖြင့် ကျေးရွာအဆင့်၊ ဒေသအဆင့် ရာသီဥတုမျှတပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အကျိုးကျေးဇူးများစေနိုင်ပါသည်။

သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းစနစ်တွင် သစ်တောသစ်ပင်များကို နှစ်ရှည် သို့မဟုတ် နှစ်ချင်းစားသုံး သီးနှံများနှင့် သော်လည်းကောင်း၊ တိရစ္ဆာန်အစားအစာဖြစ်သည့် အပင်များ၊ မြက်၊ ပဲမျိုးများ စသည်တို့နှင့်သော်လည်းကောင်း ရောနှော စိုက်ပျိုးလေ့ရှိပါသည်။ ငါး၊ ပုစွန်၊ ကဏန်းများနှင့် ဒီရေတောအပင်များ ရောနှောစိုက်ပျိုးမွေးမြူခြင်း၊ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ ကျွဲ၊ နွားများနှင့် သစ်တောသစ်ပင်များ ရောနှောစိုက်ပျိုး၊ မွေးမြူခြင်းတို့သည်လည်း သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းလုပ်ငန်းများ ဖြစ်ပါသည်။

သီးနှံသစ်တောစိုက်ပျိုးနည်းစနစ် အမျိုးမျိုးရှိပါသည်။ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းတွင် ပါဝင်သည့် အစိတ်အပိုင်းများ အပေါ်မူတည်၍လည်းကောင်း၊ မတူကွဲပြားသောဒေသများနှင့် ဂေဟစနစ်များ၊ မြေမျက်နှာသွင်ပြင်၊ ရာသီဥတု၊ မိရိုးဖလာစိုက်ပျိုးမှုပုံစံများအပေါ်တွင် မူတည်၍ လည်းကောင်း သီးနှံသစ်တောစိုက်ပျိုးနည်းစနစ် အမျိုးမျိုးကွဲပြားပါသည်။ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းတွင် အခြေခံအားဖြင့် အောက်ဖော်ပြပါ မတူညီသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတို့ ပါဝင်သည်–

- (က) ရာသီသီးနှံနှင့် သစ်တောသစ်ပင်များ ရောနှောစိုက်ပျိုးသောစနစ် (Agri-silviculture)၊
- (ခ) သစ်တောသစ်ပင်များနှင့် ကျွဲ၊ နွား၊ ဆိတ်၊ ကြက်၊ ဝက် စသည်တို့ ရောနှော စိုက်ပျိုးဆောင်ရွက်သော စနစ် (Silvopastrol)၊
- (ဂ) ရာသီသီးနှံနှင့် သစ်တောသစ်ပင်များ၊ ကျွဲ၊ နွား၊ ဆိတ်၊ ကြက်၊ ဝက် စသည့် တိရစ္ဆာန်များ ရောနှော စိုက်ပျိုး မွေးမြူသော စနစ် (Agro-silvopastrol) နှင့်
- (ဃ) သစ်တောသစ်ပင်များနှင့် ပျားတွဲဖက်မွေးမြူခြင်း၊ သစ်တောသစ်ပင်များ၊ ဒီရေတောအပင်များနှင့် ငါး၊ ပုစွန်၊ ကဏန်းတွဲဖက်မွေးမြူခြင်း အပါအဝင် ဘက်စုံစိုက်ပျိုးမွေးမြူစနစ် (Multi-purpose tree lots, apiculture with trees, aquaculture with trees etc.) တို့ ဖြစ်ပါသည်။

ထို့ပြင် ဒေသအလိုက် သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းနည်းစနစ်များ ကွဲပြားကြပြီး အပူပိုင်းဒေသများတွင် အောက်ဖော်ပြပါ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းနည်းစနစ်များ၊ ပုံစံများကိုလည်း တွေ့နိုင်ပါသည်–

- ❖ တောင်ယာစိုက်ပျိုးခြင်း၊
- ❖ အပင်အလွှာစုံပါသည့် အိမ်ခြံဥယျာဉ် (Home Garden) တည်ထောင်စိုက်ပျိုးခြင်း၊
- ❖ သစ်တောစိုက်ခင်းနှင့် ရာသီသီးနှံ ရောနှောစိုက်ပျိုးခြင်း၊
- ❖ ပုံစံမျိုးစုံဖြင့် သစ်တောသစ်ပင်၊ ရာသီသီးနှံ၊ နှစ်ရှည်–နှစ်လတ်စားသီးနှံများ ရောနှောစိုက်ပျိုးခြင်း၊
- ❖ လေကာတန်းများနှင့် အရိပ်ပင်တန်း စိုက်ပျိုးခြင်း၊
- ❖ အဓိက သီးနှံ/ နှစ်ရှည်–နှစ်လတ်စားသီးနှံများကို အခြေပြုပြီး သစ်တောသစ်ပင်များနှင့် ရောနှောစိုက်ပျိုးခြင်း၊
- ❖ ဥယျာဉ်သီးနှံစိုက်ခင်းများကြား လိုင်းအလိုက် စိုက်ပျိုးခြင်း၊
- ❖ မြစ်များ၊ စမ်းချောင်းများတစ်လျှောက် စိုက်ပျိုးခြင်း၊
- ❖ လယ်၊ ယာများ၏ ဘေးပတ်လည်တွင် သစ်တောသစ်ပင်များ စိုက်ပျိုးခြင်း၊

**“ စားနပ်ရိက္ခာထုတ်လုပ်နိုင်မှုပမာဏနှင့် အရည်အသွေးသည် ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်မှုနှင့် ထုတ်လုပ်သူများ၏ စွမ်းဆောင်ရည်အပေါ်တွင် များစွာမူတည်နေပါသည်။ စိုက်ပျိုးခြင်း၊ သားငါးမွေးမြူခြင်း၊ ငါးဖမ်းခြင်းနှင့် ရေထွက်ပစ္စည်းများထုတ်လုပ်ခြင်း စသည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသေးစားလုပ်ငန်းများ၏ သဘောသဘာဝမှာ နေရာဒေသကို လိုက်၍သော် လည်းကောင်း၊ ဓလေ့ထုံးတမ်းများ၊ ရိုးရာယဉ်ကျေးမှုများ၊ တန်ဖိုးထားစံနှုန်းများနှင့် သော်လည်းကောင်း ဆက်စပ်နေပြီး စားနပ်ရိက္ခာဖူလုံရေးအတွက် အကျိုးပြုလျက်ရှိ ”**

*စာမျက်နှာ ၇ သို့*

## အစားထိုးမွေးမြူရေးလုပ်ကိုင်နိုင်ရန် စီးကျေးရွာနှင့် မလွန်စမ်းကျေးရွာများ၌ ဒေသကြက်နှင့် ဝက်များ ထောက်ပံ့

အထက်မင်းလှ ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေသခံပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ မူးယစ်ဆေးဝါးအစားထိုးမွေးမြူရေးလုပ်ကိုင်နိုင်ရန် ဒေသကြက်အကောင် ၁၀၀ နှင့် ဒေသဝက် ၁၀ ကောင်ကို ဩဂုတ် ၃ ရက်က စီးကျေးရွာနှင့် မလွန်စမ်းကျေးရွာများသို့ သွားရောက်ထောက်ပံ့ပေးသည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် မင်းလှမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာပွင့်မြတ်နိုးသိမ့်က မူးယစ်ဆေးဝါးအစားထိုးမွေးမြူရေးလုပ်ကိုင်နိုင်ရန်နှင့် ဒေသခံတောင်သူများ မွေးမြူရေးလုပ်ငန်းကို မိသားစုတစ်နိုင်တစ်ပိုင် မွေးမြူလုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ဌာနမှဒေသကြက်နှင့် ဝက်များ ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း၊ တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်မွေးမြူလုပ်ကိုင်ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားခဲ့ပြီး ဒေသခံပြည်သူများ မွေးမြူထားသည့်ကြက်များအား ကြက်လည်လိမ်ကာကွယ်ဆေးမျက်စဉ်းခတ်ပေးခြင်း ဆောင်ရွက်ခဲ့သည်။

ယင်းနောက် မင်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက စီးကျေးရွာနှင့် မလွန်စမ်းကျေးရွာများမှ အိမ်ထောင်စုတစ်စုလျှင် ဒေသကြက် ၁၀ ကောင်၊ ဒေသဝက် တစ်ကောင်နှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၂၀ သို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇာဇာ (အထက်မင်းလှ)



## ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများမှ သစ်တောထွက်ပစ္စည်းများသာမက စားနပ်ရိက္ခာဖူလုံရေးအတွက် သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သစ်တောဦးစီးဌာနအနေဖြင့် အားပေးကူညီ ဆောင်ရွက်လျက်ရှိ

*စာမျက်နှာ ၆ မှ*

ဥပမာအားဖြင့် မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့ရသော တောင်ယာစနစ်ဖြင့် ကျွန်းစိုက်ခင်းများ ထူထောင်ခြင်း၊ ဥယျာဉ်ခြံစိုက်ပျိုးလုပ်ကိုင်ခြင်း၊ သစ်တောမြေများအတွင်း စားကျက်ချထားခြင်း၊ သီးနှံတစ်ကန့်၊ သစ်တောတစ်ကန့် စိုက်ပျိုးခြင်း၊ လေကာပင်တန်း စိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံများတွင် ခြံစည်းရိုးပင်များ စိုက်ပျိုးခြင်း၊ တောတောင်စိုက်ခင်းများကို အမှီပြု၍ ပျားမွေးမြူခြင်း၊ ဒီရေတောဒေသများကို အမှီပြု၍ ငါး၊ ပုစွန်မွေးမြူခြင်း စသောစိုက်ပျိုးမွေးမြူမှု လုပ်ငန်းများသည် သီးနှံသစ်တောစိုက်ပျိုးမှုစနစ်၏ အနီးစပ်ဆုံးသော ဥပမာများ ဖြစ်ပါသည်။

**သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း အကျိုးကျေးဇူးများ**

သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်-

(က) မြေဧရိယာကို ထိရောက်စွာ အပြည့်အဝ အသုံးပြုနိုင်ခြင်း၊
(ခ) မြေတစ်ယူနစ်ဧရိယာမှ ကုန်ထုတ်လုပ်မှု ပမာဏတိုးတက်လာစေခြင်း၊
(ဂ) မြေဆီဩဇာ ပိုမိုကောင်းမွန်လာစေခြင်း၊
(ဃ) မြေတိုက်စားမှုကို လျော့နည်းစေပြီး မြေဆီလွှာထိန်းသိမ်းခြင်း ပိုမိုကောင်းမွန်လာစေခြင်း၊
(င) ကျေးရွာ၊ ဒေသအဆင့် ရာသီဥတုမျှတစေရန် ထိန်းညှိပေးခြင်း၊
(စ) သီးနှံလုံးဝပျက်စီးယိုယွင်းမှု ကဲ့သို့သော အန္တရာယ်လျော့နည်းစေခြင်း၊
(ဆ) ဇီဝဒြပ်ထုလောင်စာစွမ်းအင် ရရှိစေခြင်း၊
(ဇ) လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် လယ်ယာဝင်ငွေတို့ကို ပို၍တိုးပွားလာအောင် တိုးချဲ့ဆောင်ရွက်လာနိုင်ခြင်း၊
(ဈ) သီးနှံစုံစိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်ဆောင်ရွက်သဖြင့် အာဟာရပြည့် အစားအစာများ လုံလောက်စွာရရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

**သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းနည်းစနစ်ကို ပေါင်းစပ်ဆောင်ရွက်သင့်သော လုပ်ငန်းများ**

ရေ၊ မြေ၊ ရာသီဥတု၊ မြေမျက်နှာသွင်ပြင်၊ ထုတ်ကုန်ဈေးကွက်တို့ကို ထည့်သွင်းစဉ်းစားပြီး အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းလုပ်ငန်းကို ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါသည်-

(က) သစ်တောစိုက်ခင်းများ ပြန်လည်တည်ထောင်ခြင်း၊
(ခ) ရွှေ့ပြောင်းတောင်ယာမှ အမြဲတမ်းအခြေတကျ စိုက်ပျိုးလုပ်ကိုင်ခြင်း စနစ်ပြောင်းလဲခြင်း၊
(ဂ) ရေဝေရေလဲထိန်းသိမ်းခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်းနှင့် လူမှုစီးပွားရေး၊ သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းလမ်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်ခြင်း၊
(ဃ) မတ်စောက်သော တောင်တန်းများတွင် ရေမြေထိန်းသိမ်းမှု လုပ်ငန်းများအဖြစ် ကျင့်သုံးဆောင်ရွက်ခြင်း၊
(င) သစ်ထွက်ပစ္စည်းနှင့် သစ်ထွက်မဟုတ်သော အခြားပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ မွေးမြူရေးလုပ်ငန်းများ ပိုမို ထုတ်လုပ်ရေးအတွက် ဆောင်ရွက်ခြင်း၊
(စ) မြေအကန့်အသတ်ရှိသော အခြေအနေတွင် ထုတ်ကုန်တစ်မျိုးထက် ပိုမိုသော ထုတ်လုပ်နိုင်ရေးနှင့် မြေအသုံးချမှု မှန်ကန်စေရေး ဆောင်ရွက်ခြင်း၊
(ဆ) ဘက်စုံပါဝင်သော စိုက်ပျိုးရေး၊ မွေးမြူရေးနည်းစနစ်အဖြစ် အကောင်အထည်ဖော်ခြင်း၊
(ဇ) အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(ဈ) ကမ်းရိုးတန်းဒေသများတွင် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများကို ဒီရေတောအပင်များ ထည့်သွင်းစိုက်ပျိုး မွေးမြူခြင်း။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောလုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ခြင်း**

သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း နည်းစနစ်များသည် မိသားစုအလိုက် တစ်နိုင်တစ်ပိုင်ဆောင်ရွက်သော မိရိုးဖလာလုပ်ငန်းများဖြစ်သကဲ့သို့ အစုအဖွဲ့ဖြင့် ဆောင်ရွက်နိုင်သော လုပ်ငန်းလည်း ဖြစ်ပါသည်။ မိမိ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့်အညီ စီးပွားဖြစ်ဆောင်ရွက်နိုင်သော လုပ်ငန်းများ ဖြစ်ပါသည်။ နေရာဒေသ၊ ရာသီဥတု၊ ဈေးကွက်နှင့် ဒေသခံပြည်သူများ၏ စိတ်ဝင်စားမှုအပေါ်အခြေခံပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောလုပ်ငန်းများကို စနစ်တကျ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည်ဖြစ်ပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်၊ ကျေးလက်ဒေသနေ ပြည်သူများအတွက် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန်နှင့် လူမှုစီးပွားဖွံ့ဖြိုးစေရန်အတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ (Community Forestry) ကို ၁၉၉၅ ခုနှစ်တွင် စတင်ခွင့်ပြုခဲ့ပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ၁၉၉၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။ ဒေသခံပြည်သူများ သစ်တောထွက်ပစ္စည်းများကို မိမိသုံးစွဲရုံသာမက စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် ၂၀၁၉ ခုနှစ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ (Community Forestry Instructions) ကို ပြန်လည်ပြင်ဆင်ထုတ်ဝေခဲ့ပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သော ဒေသခံပြည်သူများသည် ညွှန်ကြားချက်များနှင့်အညီ ခွင့်ပြုထားသည့် သစ်တောမြေများတွင် စီမံချက်များရေးဆွဲပြီး သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများမှ သစ်တောထွက်ပစ္စည်းများသာမက စားနပ်ရိက္ခာဖူလုံရေးအတွက် သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သစ်တောဦးစီးဌာနအနေဖြင့် အားပေးကူညီဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အချိန်အထိ နိုင်ငံနှင့်တစ်ဝန်း ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ၉၈၃၄၉၆ ဧကတည်ထောင်နိုင်ခဲ့ပြီး အစုအဖွဲ့ပေါင်း ၇၀၇၈ က လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများတွင် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း ၅၆၉၆၇၃ ဧကနှင့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းတွင် ၈၇၆၁ ဧက၊ သီးနှံသစ်တောရောနှောစိုက်ခင်း စုစုပေါင်း ၅၇၈၄၃၄ ကို တည်ထောင်ခဲ့ပြီးဖြစ်သည်။ သစ်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်လုပ်ရေး၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ကျေးလက်ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်သော သီးနှံသစ်တောရောနှောစိုက်ခင်းများကို တည်ထောင်စိုက်ပျိုးခဲ့ခြင်း ဖြစ်ပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်ဆောင်ရွက်သော ကျေးလက်ပြည်သူများအနေဖြင့် မိမိကိုယ်ပိုင်လယ်၊ ယာများတွင်ဖြစ်စေ၊ မိမိနေအိမ်ခြံဝင်းများတွင်ဖြစ်စေ တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်း၊ မွေးမြူခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် သစ်တောသစ်ပင်များ၊ စားပင်သီးပင်များကို ထည့်သွင်းပေါင်းစပ်စိုက်ပျိုးခြင်းဖြင့် မိမိရပ်ရွာဒေသတွင် ရာသီဥတုကောင်းမွန်မျှတပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းနိုင်ပါသည်။ စားနပ်ရိက္ခာဖူလုံပြီး လူမှုစီးပွားဖွံ့ဖြိုးနိုင်မည်ဖြစ်ပါသည်။

အလားတူ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်သော အစုအဖွဲ့များ၊ တစ်နိုင်တစ်ပိုင် သစ်တောစိုက်ခင်း တည်ထောင်သူများအနေဖြင့်လည်း မိမိတို့၏ သစ်တောထိန်းသိမ်းရေး၊ သစ်တောစိုက်ခင်းလုပ်ငန်းများတွင် ဒေသအလိုက် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း အပါအဝင် ရာသီအလိုက် ဟင်းသီးဟင်းရွက်နှင့် သီးနှံများ ထည့်သွင်းစိုက်ပျိုးခြင်း၊ နှစ်ရှည်သီးပင်စားပင်များ ထည့်သွင်းစိုက်ပျိုးခြင်း၊ ဒေသနှင့် ကိုက်ညီသောမွေးမြူရေးလုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် သစ်တောထွက်ပစ္စည်းများ ရရှိရုံသာမက စားနပ်ရိက္ခာများ ဖူလုံပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းဖြင့် ရာသီဥတုမျှတပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများပိုမိုအောင်မြင်ဖြစ်ထွန်းကာ စားနပ်ရိက္ခာဖူလုံရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ISPE FC (MYA) မြန်မာအမျိုးသမီးဘောလုံးအသင်း လေ့ကျင့်နေမှု ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၄

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားလေ့ကျင့်ရေး ကွင်းအမှတ်(၃)၌ AFC Women's Club Championship 2022 (EAST) အာရှအမျိုးသမီးကလပ်အသင်းများ ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ISPE (FC) ဘောလုံး(အမျိုးသမီး)အသင်း၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။** (ယာပုံ)





ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားသမားများနှင့် တွေ့ဆုံ၍ ပြိုင်ပွဲသွားရောက်ယှဉ်ပြိုင်ရာတွင် အဆင်ပြေချောမွေ့စေရေး အတွက် လိုအပ်သည့် အုပ်ချုပ်/ထောက်ပံ့မှု ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သွားရောက်ယှဉ်ပြိုင်မည်**

အဆိုပါ AFC Women's Club Championship 2022 (EAST) အာရှအမျိုးသမီးကလပ်အသင်းများ ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၅ ရက်မှ ၂၂ရက်အထိ ထိုင်းနိုင်ငံ ချောင်ဘူရီမြို့တွင် ကျင်းပသွားမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် အုပ်ချုပ်/နည်းပြ၊ အားကစားသမားစုစုပေါင်း ၂၉ ဦး သွားရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ပြီး ဩဂုတ် ၁၅ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ISPE FC (MYA)အသင်းနှင့် Taichung Blue Whale FC(TPE) အသင်း၊ ဩဂုတ် ၁၈ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် Champion Of 2022 Season (THA) အသင်းနှင့် ISPE FC(MYA) အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် မသန်စွမ်း အားကစားသမားများ၏ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင် ကစားနေမှုကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစား ကွင်းရှိ မြန်မာနိုင်ငံအိုလံပစ်ကော်မတီရုံး၌ Virtual Online စနစ်ဖြင့် ကြည့်ရှုအားပေးရာ ရေကူး အားကစားနည်းမှ မီတာ ၁၀၀ Breaststrok (ဖားကူး) ပြိုင်ပွဲတွင် မောင်နန္ဒစိုးမင်းက ရွှေတံဆိပ်ဆုကို လည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်း (အမျိုးသား) သံပြားဝိုင်းပစ်(F44)ပြိုင်ပွဲအမျိုးအစားတွင် မောင်ဇော်မင်းလွင်က ငွေတံဆိပ်ဆုနှင့် (F42/63)ပြိုင်ပွဲအမျိုးအစားတွင် မောင်အောင်ထွန်းလင်းက ကြေးတံဆိပ်ဆုကို လည်းကောင်း၊ မြားပစ်အားကစားနည်းမှ Compound (အမျိုးသမီး)ပြိုင်ပွဲတွင် မစိန်ဖေ့က ကြေးတံဆိပ်ဆုကိုလည်းကောင်း နိုင်ငံတော်အတွက် ဆုတံဆိပ်များ ထပ်မံဆွတ်ခူး ရယူပေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အစည်းအဝေးခန်းမ၌ ဩဂုတ် ၄ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ Online စနစ်ဖြင့် ကျင်းပမည့် အာဆီယံ လူငယ်စကားဝိုင်း ၂၀၂၂ ခုနှစ် (ASEAN Youth Debate 2022)သို့ မြန်မာနိုင်ငံ ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် လူငယ်ကိုယ်စားလှယ်များ၏ ပထမပတ်လည်ပြိုင်ပွဲ ယှဉ်ပြိုင်ရန်အတွက် လေ့ကျင့်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ အာဆီယံလူငယ်စကားဝိုင်း ၂၀၂၂ ခုနှစ် (ASEAN Youth Debate 2022)တွင် မြန်မာနိုင်ငံကိုယ်စားပြုအသင်းအနေဖြင့် (အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန)တို့မှ လူငယ်ကိုယ်စားလှယ် ၁၉ ဦးတို့သည် ပထမပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို အသင်းသုံးသင်းဖြင့် ဩဂုတ် ၅ ရက်တွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးရန် လိုအပ်

**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော် ကောင်စီနယ်မြေ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃/၂၀၂၂) ကို ဩဂုတ် ၃ ရက် ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး က နေပြည်တော်ကောင်စီနယ်မြေကို စိမ်းလန်းသန့်ရှင်းသာယာသော ဒေသတစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးရန် လိုအပ်သည့်အပြင် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်အခြေခံသည့် စက်မှုလုပ်ငန်းများ ထွန်းကားရေး ဘက်စုံထောင့်စုံမှ ကြိုးပမ်းလျက် ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီ အနေဖြင့် ကဏ္ဍတစ်ခုနှင့်တစ်ခု အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ရေးနှင့် လုပ်ငန်းတစ်ခုချင်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် နေပြည်တော် ကောင်စီနယ်မြေ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေကို လယ်ယာကဏ္ဍအခြေခံဖွံ့ဖြိုးတိုးတက်မှု အားကောင်းသော စီးပွားရေးနယ်မြေအဖြစ် အကောင် အထည်ဖော်နိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထုတ်လုပ်နိုင်စွမ်းအား တိုးတက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စံပြကျေးရွာများ ထူထောင်ရေး၊ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှု အားကောင်းလာစေရေး၊ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်း ပြည်ပဈေးကွက် ချိတ်ဆက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် သီးနှံ-သစ်တော (Agro-Forestry) စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၄**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် သီးနှံ-သစ်တော (Agro-forestry) စိုက်ပျိုးပွဲကို ယနေ့နံနက် ၆ နာရီခွဲတွင် တက္ကသိုလ် ရဲဝန်ထမ်းအိမ်ရာရှိ တက္ကသိုလ် သီးနှံစိုက်ကွက်များ အနီး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က မန်ဂျန်ရှားပျိုးပင်များကို အရာထမ်း၊ အမှုထမ်းများ ကိုယ်စား ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်များကို လည်းကောင်း၊ ဝန်ထမ်းအဖွဲ့ အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်းနှင့် အဆင့်မြင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းများကိုယ်စား သင်တန်းသား ကိုယ်စားလှယ်များကိုလည်း ကောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ပြင်ဦးလွင်ခရိုင် သစ်တောဦးစီးဌာန ခရိုင်ဦးစီးမှူးတို့က ကျန်ရှိသော သင်တန်း(၄)ခုမှ သင်တန်းအလိုက် ကိုယ်စားလှယ်များကိုလည်းကောင်း ပေးအပ်သည်။

တက္ကသိုလ် ရဲဝန်ထမ်းအိမ်ရာရှိ မန်ဂျန်ရှား တစ်အုပ်တစ်မ စိုက်ခင်းတွင် အပင် ၁၇၅၀၊ သီးနှံစိုက်ကွက် (၁) ပိန္နဲနှင့် ဩဇာ စိုက်ခင်းပတ်လည်တွင် အပင် ၁၁၀၊ စိုက်ကွက်(၂) ဘောက်သီးပင်၊ ပင်မှည့်ပင်နှင့် စိန်တစ်လုံး သရက်စိုက်ခင်း ပတ်လည်တွင် အပင် ၂၇၀၊ စိုက်ကွက် (၃) ရာသီသီးနှံနှင့် စိန်တစ်လုံးစိုက်ခင်း ပတ်လည်တွင် အပင် ၁၇၀ နှင့် နှစ်ခန်းတွဲ ရဲဝန်ထမ်းအိမ်ရာ လမ်းဘေးတွင် အပင် ၁၀၀ စုစုပေါင်း မန်ဂျန်ရှားပင် ၂၄၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**သတင်းစဉ်**





## မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၄

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန်ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၄

**အစိုးရ၏ ပညာရေးစနစ်ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။**

၎င်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM ၊ လက်ထောက် မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM ၊ မူလတန်းပြ) နှင့် သန့်စင်ထိုက် (CDM ၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လှုငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေး ပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များ အပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင် ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့် လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိသည်။ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ်လ ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❑ *ကျောဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲ ဆီမီးဖိုင်နယ်တက်ရေး အရေးပါသည့် ပွဲအဖြစ် မြန်မာနှင့် မလေးရှား ယနေ့ကစားမည်

ရန်ကုန် ဩဂုတ် ၄

အင်ဒိုနီးရှားနိုင်ငံ၌ ပြုလုပ်လျက်ရှိသည့် ၂၀၂၂ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ဂ) ပွဲစဉ်များကို ဩဂုတ် ၅ ရက် **(ယနေ့)** ဆက်လက် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု (ဂ) ဒုတိယနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဩစတြေးလျနှင့် ကမ္ဘောဒီးယား၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် မလေးရှား ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဩဂုတ် ၂ ရက်က ကစားသည့် အုပ်စုပထမပွဲတွင် မြန်မာအသင်းက ဩစတြေးလျကို သုံးဂိုး-နှစ်ဂိုး၊ မလေးရှားအသင်းက ကမ္ဘောဒီးယားကို သုံးဂိုးပြတ် အနိုင်ရထားခြင်းဖြစ်သည်။ ယခုပွဲမှာ မြန်မာအသင်းရော မလေးရှားအသင်းအတွက်ပါ အရေးပါသည့် ပွဲဖြစ်ပြီး အနိုင်ရသည့်အသင်းမှာ ဆီမီးဖိုင်နယ် တက်ရောက်ရန် အခြေအနေကောင်းသွားမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်အတွက် မလေးရှားကို အနိုင်ကစားနိုင်ရန် လိုအပ်နေပြီး သရေသို့မဟုတ် ရှုံးနိမ့်ခဲ့ပါက ခက်ခဲသွားနိုင်ဖွယ်ရှိနေသည်။ မြန်မာအသင်းသည် အုပ်စုတွင်း၌ အင်အားကြီးဖြစ်သည့် ဩစတြေးလျကို အဖွင့်ပွဲတွင် အနိုင်ရခဲ့သဖြင့် ကစားသမားများအနေဖြင့် စိတ်ဓာတ်ပိုင်း အသာရနိုင်ပြီး ပထမပွဲကဲ့သို့ အမှားနည်းနည်းဖြင့် ကစားနိုင်ပါက အနိုင်သုံးမှတ် ထပ်မံရယူနိုင်ဖွယ်ရှိနေသည်။



ပြိုင်ပွဲကျင်းပသည့် ပုံစံအရ အုပ်စုသုံးခုမှ ထိပ်ဆုံးသုံးသင်း၊ အုပ်စု (က) နှင့် (ဂ) ဒုတိယနေရာရ နှစ်သင်းအနက် အကောင်းဆုံး တစ်သင်းသာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့် ရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် အုပ်စု ပထမနေရာ ရယူနိုင်ရန်ပါ လိုအပ်နေခြင်းဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-MFF**



အာဆီယံတက္ကသိုလ် အားကစားဘောလုံးပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် မြန်မာအသင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

●*ကျောဖုံးမှ*

ပွဲစဉ် ၄ ဖြစ်သည့် အမျိုးသမီး ထိုက်ချီချမ်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ မမြတ်နိုးအိမ် ဝင်ရောက်ယှဉ်ပြိုင်ရာ ရမှတ်(၉.၆၅)ဖြင့် ပထမဆု ရွှေတံဆိပ်ကို ရရှိသည်။ မလေးရှားနိုင်ငံမှ ဒုတိယဆု ငွေတံဆိပ်ကို ရရှိပြီး အင်ဒိုနီးရှားနိုင်ငံမှ တတိယဆု ကြေးတံဆိပ်ကိုရရှိသည်။

မြန်မာတက္ကသိုလ်အားကစားအဖွဲ့အတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို စတင်ရယူပေးသည့် မမြတ်နိုးအိမ်သည် မန္တလာတက္ကသိုလ် စတုတ္ထနှစ် သမိုင်းဘာသာရပ် အထူးပြုကျောင်းသူတစ်ဦးဖြစ်ပြီး မြန်မာတက္ကသိုလ် ဝူရှူးအားကစားအဖွဲ့အနေဖြင့် ဝူရှူးအားကစားနည်းလေးမျိုးကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။

အာဆီယံတက္ကသိုလ် အားကစားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် အူဘွန်းရာချဌာနီရာဂျာဟက် တက္ကသိုလ် (Ubon Rachathani Rajabhat University) UBRU Happiness Stadium ကွင်း၌ မြန်မာနိုင်ငံ တက္ကသိုလ် ဘောလုံးအသင်းနှင့် လာအိုနိုင်ငံ တက္ကသိုလ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိနစ် ၉၀ ပွဲပြီးဆုံးချိန်ထိ ဂိုးမရှိသရေရလဒ်ဖြစ်သဖြင့် ပယ်နယ်တီ အဆုံးအဖြတ်ကန်ကြရာ မြန်မာတက္ကသိုလ်အသင်းက ပယ်နယ်တီ အနိုင်ဂိုးများကို မောင်ခိုင်ရဲဝင်း၊ မောင်ညီညီ၊ မောင်သန်း မြတ်စိုးနှင့် မောင်စိုးသူရတို့က သွင်းယူခဲ့ကြပြီး လေးဂိုး-သုံးဂိုးဖြင့် တတိယဆု ကြေးတံဆိပ်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရေး၏ သဘောသဘာဝနှင့် သင်ရိုးသစ်ပညာရေး

**တူးမာ (ပညာရေး)**

**မာန်လည်ဆရာတော်ဘုရားကြီးရဲ့ မဃဒေဝလင်္ကာသစ်မှာ "ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ ပြီးနိုင်စွာ၏" လို့ ဖွဲ့ဆိုထားပါတယ်။ ပညာရဲ့ အနက်သဘော၊ အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးကို နိုင်ငံတကာတွေးခေါ်ပညာရှင် အသီးသီးတို့ကလည်း ကာလဒေသအလိုက် အတွေ့အကြုံအမျိုးမျိုးအပေါ် မူတည်ပြီး အဆိုအမိန့်တွေ၊ ဖွင့်ဆိုချက်တွေနဲ့ ဖော်ထုတ်ရေးသားခဲ့ကြပါတယ်။ မဃဒေဝလင်္ကာသစ်ရဲ့ ပညာနဲ့ပတ်သက်တဲ့ ဖော်ညွှန်းချက်ဟာ တွေးခေါ်ပညာရှင်တို့ရဲ့ အဆိုအမိန့်များကို လွှမ်းခြုံမိနေတာကို လေ့လာတွေ့ရှိရပါတယ်။**

ပညာရဲ့ အသိုက်အဝန်းဟာ ကျယ်ဝန်းတဲ့ အားလျော်စွာ ကျွန်မတို့ ဘဝတစ်သက်တာမှာ သင်ယူလို့ မကုန်နိုင်အောင် များပြားလှပါတယ်။ လူမှန်းသိတတ်စ ကလေးဘဝကစလို့ ကွယ်လွန်သည်အထိ သင်ယူလေ့လာစရာတွေဟာ ဆုံးခန်းတိုင် သွားတယ်ရယ်လို့ မရှိပါဘူး။ ကာလ၊ ဒေသနဲ့ အချိန်အခါကိုလိုက်ပြီး ပြောင်းလဲနေသမျှ တိုးတက်ဖွံ့ဖြိုးမှု ဖြစ်စဉ်တိုင်းမှာ အချိန်နဲ့အတူ လေ့လာသင်ယူစရာတွေက အမြဲတမ်းအသစ်ဖြစ်နေပြီး စူးစမ်းလိုစိတ်ရှိသူအတွက် ပညာက အစဉ်အမြဲ လက်ကမ်းကြိုနေမှာပဲဖြစ်ပါတယ်။

**❍ ပညာသင်ယူခြင်းကို ပုံစံနှစ်မျိုးနဲ့ တွေ့နိုင်ပါတယ်။ Formal Education နဲ့ Informal Education တို့ပဲဖြစ်ပါတယ်။ အခြေခံ ပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်နဲ့ အဆင့်မြင့်ပညာဖြစ်တဲ့ ကောလိပ်၊ တက္ကသိုလ် ဆိုတဲ့ ကျောင်းတွေမှာ သင်ယူနေကြတဲ့ ပညာရေးဟာ Formal Education ပဲဖြစ်ပါတယ်။ Formal Education မှာ သင်ရိုးညွှန်းတမ်း၊ မာတိကာ၊ ကာလသတ်မှတ်ချက် စတာတွေ တိကျစွာရှိပါတယ်**

### အမှားအမှန် ခွဲခြားသိအောင် ပညာသင်ရတာဖြစ်

"ပညာကို ဘာကြောင့် သင်ယူကြရပါသလဲ" ဆိုတဲ့ မေးခွန်းကို ကျွန်မရဲ့ စာသင်ခန်းထဲက အသက် ၁၁နှစ်ကနေ ၁၃ နှစ်အထိ ရှိတဲ့ Grade- 6 ကျောင်းသား ကျောင်းသူ ၅၀ နဲ့အတူ မေးမြန်းဆွေးနွေး အဖြေရှာကြည့်ခဲ့ဖူးပါတယ်။ ကလေးတွေကို အုပ်စုသုံးခုခွဲပြီး အချင်းချင်း တိုင်ပင်ဆွေးနွေးစေခဲ့ပါတယ်။ တစ်ဦးချင်းစီရဲ့ သဘောထားကို လွတ်လပ်ပွင့်လင်းစွာ သူတို့သိထား၊ နားလည်ထားတဲ့အတိုင်းပြောနိုင်ဖို့ အခွင့်အရေးပေးပြီး ပြောစေခဲ့တယ်။ တစ်ဦးချင်းစီရဲ့အဖြေကို ကျွန်မက လေးလေးစားစား နားထောင်ပြီး သင်ပုန်းပေါ်မှာ မှတ်တမ်းတင်ပေးခဲ့တယ်။ ဘာဝေဖန်ချက်မှ မပေးသေးဘဲ ပြောစေခဲ့တဲ့အခါ သူတို့သိထားတဲ့အတိုင်း ရဲရဲတင်းတင်း ပွင့်ပွင့်လင်းလင်း ဖြေကြားလာကြလို့ ကလေးတွေကိုယ်တိုင် သူတို့သိရှိထားမှုအပေါ် ယုံကြည်မှုရှိကြတာကိုလည်း အကဲခတ်မိပါတယ်။ ကလေးအများစုကတော့ "ပညာတတ်ကြီးဖြစ်အောင်လို့"၊ "စားဝတ်နေရေးအတွက် ပိုက်ဆံရှာဖို့"၊ "မိဘကို လုပ်ကျွေးဖို့" ဆိုပြီး ဖြေကြပါတယ်။ တစ်ယောက်သော ကလေးကတော့ "အမှားအမှန် ခွဲခြားသိအောင်လို့ ပညာသင်ရတာဖြစ်တယ်" လို့ ဖြေကြားလာပါတယ်။

ပညာသင်ယူရခြင်းအကြောင်းရင်းနဲ့ ပတ်သက်လို့ သူတို့လေးတွေရဲ့ အမြင်၊ အတွေးကို သိခွင့်ရပါပြီ။ ကလေးတွေရဲ့ ဖြေဆိုမှု အားလုံးပြီးသွားတဲ့အခါ သားတို့ သမီးတို့ ယူဆတာတွေ အားလုံးမှန်ပါတယ်။ ပညာသင်ယူရခြင်း အကြောင်းရင်းဟာ အဓိပ္ပာယ် ကျယ်ဝန်းသလောက် လေ့လာလို့လည်း မဆုံးနိုင်တဲ့ အကြောင်း၊ ဘဝတစ်သက်တာလုံး ပညာကို ဆည်းပူး လေ့လာနေရမှာဖြစ်ကြောင်း၊ အမှားနဲ့အမှန်၊ အကောင်းနဲ့အဆိုး၊ အကြောင်းနဲ့အကျိုးကို ဝေဖန်ပိုင်းခြားသိမြင်နိုင်ဖို့၊ ကျောင်းတွင်းမှာရော ကျောင်းပြင်ပမှာပါ ဖြစ်စဉ်တိုင်း၊ ဖြစ်ရပ်တိုင်းအတွက် အကြောင်းရင်းခံနဲ့ အကျိုးရလဒ်တို့ကို သိရှိနိုင်ဖို့ ပညာသင်ယူကြရခြင်းဖြစ်ကြောင်း ပညာရဲ့တန်ဖိုး ကြီးမားပုံနဲ့ ကြောင်းကျိုးဆက်စပ် ဝေဖန်သုံးသပ်နိုင်ဖို့ လေ့လာသင်ယူချင်စိတ်ကို အမြဲမွေးမြူကြရမှာ ဖြစ်ကြောင်း ပြောပြရပါတယ်။

### အောင်မြင်မှုအဆင့်ဆင့် ရရှိ

ပညာသင်ယူခြင်းဖြင့် တစ်ဦးချင်းစီရဲ့ ကိုယ်ရည်ကိုယ်သွေးကိုလည်း ဖွံ့ဖြိုးတိုးတက်စေပါတယ်။ မိမိဘဝကို မိမိကိုယ်တိုင် ဦးဆောင်လာနိုင်စေပါတယ်။ တစ်ပါးသူအပေါ် လေးစားချစ်ခင်စိတ်နဲ့ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံတတ်လာစေမှာ ဖြစ်ပါတယ်။ မိမိကိုယ်မိမိ ယုံကြည်မှုရှိစွာနဲ့ ဘဝအခက်အခဲများစွာကို အမှန်ကန်ဆုံးနည်းလမ်းနဲ့ ဖြေရှင်းလာနိုင်ပြီး အောင်မြင်မှုအဆင့်ဆင့်ကို ရရှိလာစေမှာ ဖြစ်ပါတယ်။

**❖ သင်ရိုးသစ်ပညာရေးစနစ်မှာတော့ Formal Education ကိုသာမက Informal Education ကိုပါ ပူးတွဲ သင်ကြားပေးနေပါပြီ။ ဘာသာရပ်ဆိုင်ရာ သင်ကြားမှု၊ သင်ယူမှု လုပ်ငန်းစဉ်တွေမှာ အချင်းချင်း အပြန်အလှန် သင်ယူရမယ့် သင်ခန်းစာတွေကိုလည်း ထည့်သွင်းရေးဆွဲထားပါတယ်**

### ပညာသင်ယူခြင်း ပုံစံနှစ်မျိုးတွေ့နိုင်

ပညာသင်ယူခြင်းကို ပုံစံနှစ်မျိုးနဲ့ တွေ့နိုင်ပါတယ်။ Formal Education နဲ့ Informal Education တို့ပဲဖြစ်ပါတယ်။ အခြေခံ ပညာမူလတန်း ၊ အလယ်တန်း၊ အထက်တန်း အဆင့်နဲ့ အဆင့်မြင့်ပညာဖြစ်တဲ့ ကောလိပ်၊ တက္ကသိုလ်ဆိုတဲ့ ကျောင်းတွေမှာ သင်ယူနေကြတဲ့ ပညာရေးဟာ Formal Education ပဲဖြစ်ပါတယ်။ Formal Education မှာ သင်ရိုးညွှန်းတမ်း၊ မာတိကာ၊ ကာလသတ်မှတ်ချက် စတာတွေ တိကျစွာ ရှိပါတယ်။ စာသင်ချိန် အရေအတွက် ကန့်သတ်ချက်ရှိပါတယ်။ ကျောင်းအလိုက် ချမှတ်ထားတဲ့ စည်းကမ်းတွေကိုလည်း လိုက်နာကြရပါတယ်။ အုပ်ချုပ်သူ၊ သင်ကြားပေးသူ ဆရာ ဆရာမတွေရဲ့ သင်ကြားပြသမှုကို စနစ်တကျ သင်ယူမှတ်သားကြရပါတယ်။ အချိန်နဲ့တစ်ပြေးညီ တတ်မြောက်မှုစစ်ဆေးခြင်းကိုလည်း မှန်မှန်ဖြေဆိုကြရပါတယ်။ ကျောင်းမှန်မှန်တက်ပြီး စာမှန်မှန်ကျက်ရပါတယ်။ သတ်မှတ်တဲ့ကာလအထိ သင်ကြားမှု / သင်ယူမှု ပြီးဆုံးတဲ့အခါ သင်ယူတတ်မြောက်မှုစစ်ဆေးခြင်းတွေပြုပြီး အောင်လက်မှတ်တွေ ချီးမြှင့်ပေးရတာဟာ Formal Education ပဲဖြစ်ပါတယ်။

ဒုတိယအမျိုးအစားဖြစ်တဲ့ Informal Education ကတော့ ပတ်ဝန်းကျင်မှာရှိတဲ့ မိမိထက် အသက်အရွယ်အရ၊ အတွေ့အကြုံအရ ထိုးထွင်းသိမြင်တတ်သူ၊ နှံ့စပ်ကျွမ်းကျင်သူတို့ထံက လက်ဆင့်ကမ်း သင်ယူရတဲ့သဘော ဖြစ်ပါတယ်။ သင်ရိုးမာတိကာ သတ်မှတ်ချက်မရှိလို့ ပိုမိုပြီး ကျယ်ဝန်းတယ်လို့ပင် ဆိုနိုင်ပါတယ်။ လူမှန်းသိတတ်စမှသည် မိမိတို့ ထိတွေ့ရာ ပတ်ဝန်းကျင်နယ်ပယ် အသီးသီးမှာ ကြုံကူးရေပါဆိုသလို လေ့လာသင်ယူကြရတယ်။ ကျွမ်းကျင်မှုတစ်ခုခုကို လေ့လာသင်ယူပြီး အသက်မွေးဝမ်းကျောင်းမှုဖြစ်အောင် ကြိုးစားအားထုတ်ကြရတယ်။ မိရိုးဖလာ လယ်ယာလုပ်ငန်းဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းဖြစ်စေ၊ အရောင်းအဝယ်လုပ်ငန်းဖြစ်စေ အမှုမဲ့အမှတ်မဲ့ မနေဘဲ လေ့လာသင်ယူနေကြသူတွေဟာ အတန်းပညာပင် ဆုံးခန်းမတိုင်ခဲ့သော်ငြား တစ်ချိန်မှာ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၊ စက်မှုလုပ်ငန်းရှင်တစ်ဦး ဖြစ်လာကြခြင်းဟာ Informal Education ရဲ့ ထင်ရှားတဲ့ သက်ရောက်မှု သာဓကတွေပဲ ဖြစ်ပါတယ်။

### တီထွင်ဆန်းသစ်မှု အရည်အသွေး တိုးတက်ဖွံ့ဖြိုးလာ

သင်ရိုးသစ်ပညာရေးစနစ်မှာတော့ Formal Education ကိုသာမက Informal Education ကိုပါ ပူးတွဲ သင်ကြားပေးနေပါပြီ။ ဘာသာရပ်ဆိုင်ရာ သင်ကြားမှု၊ သင်ယူမှု လုပ်ငန်းစဉ်တွေမှာ အချင်းချင်း အပြန်အလှန် သင်ယူရမယ့် သင်ခန်းစာတွေကိုလည်း ထည့်သွင်းရေးဆွဲထားပါတယ်။ ကျောင်းသား ကျောင်းသူတွေကို အုပ်စုအလိုက် ပူးပေါင်းဆောင်ရွက်တတ်အောင်လည်း သင်ကြားပေးပါတယ်။ ကစားနည်းပုံသဏ္ဌာန်နဲ့ သင်ကြားပြီးမှ ရလဒ်ကို မေးခွန်းမေးမြန်းပေးခြင်း၊ ဆွေးနွေးစေခြင်းဖြင့် သင်ယူမှုရလဒ်ကို ဖော်ထုတ်စေသော သင်ခန်းစာများလည်း ပါဝင်ပါတယ်။ မေးခွန်းများကို ကိုယ်တိုင်ပြုစုစေခြင်း၊ အုပ်စုအချင်းချင်း မေးခွန်းကို အပြန်အလှန် မေးမြန်း/ဖြေကြားစေခြင်းဖြင့် သင်ကြားမှုဦးတည်ချက်ကို ကလေးတွေကိုယ်တိုင် ရောက်အောင်သွားနိုင်စေဖို့ ရည်ရွယ်တာလည်းဖြစ်ပါတယ်။ သင်ခန်းစာတစ်ခုပြီးတိုင်း ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်းစီရဲ့ သဘောထားအမြင်ကို ဖော်ထုတ်စေခြင်းတွေ ပါဝင်ပါတယ်။ သင်္ချာသင်ကြားရာမှာဆိုရင် တွက်ချက်မှု ပုံစံအမျိုးမျိုးကို ကိုယ်တိုင်ရှာဖွေစေခြင်းဖြင့် တီထွင်ဆန်းသစ်မှု အရည်အသွေးကို တိုးတက်ဖွံ့ဖြိုးလာစေမှာ ဖြစ်ပါတယ်။

ကျောင်းသား ကျောင်းသူတွေကို အုပ်စုလိုက် လုပ်ငန်းများဆောင်ရွက်စေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှု စွမ်းရည်ကိုလည်း တိုးတာလာစေမှာ ဖြစ်ပါတယ်။ အုပ်စုအတွင်း လုပ်ငန်းစဉ်များ လုပ်ဆောင်ရာမှာ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုရှိရတာ၊ သည်းခံရတာ၊ ညှာတာရတာ၊ စာနာမှုရှိရတာ၊ ဦးဆောင်မှုပေးရတာတွေကို သင်ခန်းစာသင်ကြားရင်းနဲ့ တစ်ပါတည်း သင်ယူရရှိစေမှာပဲဖြစ်ပါတယ်။

ပညာရေးရဲ့ သဘောသဘာဝနဲ့ သင်ရိုးသစ်ပညာရေးရဲ့ ရည်ရွယ်ချက်အတိုင်း ပေါက်မြောက်အောင်မြင်ဖို့ဆိုရင် ဆရာ၊ မိဘ၊ ကျောင်းသား လက်တွဲညီညီဖြင့် Formal Education နဲ့ Informal Education နှစ်ရပ်လုံးကို အချိုးညီညီ အားပေးမြှင့်တင်ရမှာဖြစ်ပါတယ်။ သို့မှသာ လူငယ်လူရွယ်များကို **"ပညာပြည့်ဝ နှလုံးလှ"** စေဖို့ သင်ကြားပို့ချပေးနေကြသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများရဲ့ ပညာရေးလုပ်ငန်းဟာ အနာဂတ်လူ့အဖွဲ့အစည်း အတွက် **"ဖွံ့ဖြိုးတိုးတက်မှု"** ကို ပေးအပ်နိုင်မှာ ဖြစ်တယ်လို့ ယုံကြည်ယူဆမိပါတယ်။ ။

## စစ်တွေမြို့နယ် မှန်စီကျေးရွာ၌ မိုးမြေပဲသီးနှံအစားထိုး စမ်းသပ်စိုက်ပျိုး

**စစ်တွေ ဩဂုတ် ၄**

စစ်တွေမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးမြေပဲ စမ်းသပ်စိုက်ခင်းပြသခြင်းနှင့် အသိပညာပေး ဆွေးနွေးပွဲကို ဩဂုတ် ၃ ရက်က စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စု မှန်စီကျေးရွာ၌ တောင်သူ ဦးသန်းအေးကျော်၏ မိုးမြေပဲစိုက်ခင်း ၀ ဒသမ ၅၀ ဧက၌ ပြုလုပ်ခဲ့သည်။

အသိပညာပေး ဆွေးနွေးပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းစိုးဦးက ကျေးလက်ဒေသလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်အေးက မိုးမြေပဲ စမ်းသပ်ကွက်စိုက်ခင်းဆောင်ရွက်သည့် ရည်ရွယ်ချက်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းကာ မြေပဲစိုက်ပျိုးနည်းပညာများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက တောင်သူများအား မိုးမြေပဲစမ်းသပ်ကွက် စိုက်ခင်းအား လှည့်လည်ပြသရာ တောင်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ရှေးဟောင်းမဟာဘဏ္ဍာမုနိစေတီတော်မြတ်ကြီး ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံ၊ အနေကဇာတင်ဌာပနာသွင်းပူဇော်

**သီပေါ ဩဂုတ် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့သည် ရှေးဘုရင်များနှင့် ရှမ်းစော်ဘွားများ ထီးနန်းစိုက်၊ ရုံးစိုက်ရာ ရှေးမြို့ဟောင်းတစ်မြို့ဖြစ်သည်နှင့်အညီ ဘာသာသာသနာထွန်းကားလျက် ဘုရား၊ ပုထိုးစေတီအမြောက်အမြား တည်ထားကိုးကွယ်ခဲ့သည့်အတွက် Little Bagan ဟု အမည်တွင်ပြီး နိုင်ငံခြားခရီးသွားများနှင့် ပြည်တွင်းခရီးသွားများဖြင့် လာရောက်လည်ပတ်အပန်းဖြေသူများဖြင့် စည်ကားသောဒေသဖြစ်သည်။

သီပေါမြို့၏ မြောက်ဘက်ခြမ်းဒေသ ရွာသစ်ကျေးရွာ သိမ်ကုန်းနယ်မြေတစ်လျှောက်တို့တွင် ရှေးဟောင်းဘုရားပုထိုးစေတီများ ပြုပြင်မွမ်းမံသူကင်းမဲ့လျက်ရှိနေပြီး ကျောင်းစုကျေးရွာ ဘဏ္ဍာဘုန်းတော်ကြီးကျောင်း ပရိဝုဏ်အတွင်းရှိ ရှေးဟောင်းမဟာဘဏ္ဍာမုနိစေတီတော်ကြီးမှာလည်း ရှေးနှစ်ပေါင်းတစ်ထောင်ကျော်က မိုးဒဏ်လေဒဏ်များကြောင့် ပျက်စီးယိုယွင်းလျက်ရှိနေသဖြင့် ဘဏ္ဍာကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယက ဆရာတော်



သာသနဓဇ ဓမ္မစရိယ ဘဒ္ဒန္တ အရှင်ဇာနေယျ အိပ်မက်တော်အရ မြို့နယ်သံဃနာယကအဖွဲ့၏ ဩဝါဒခံယူ၍ ဦးဆောင်ဦးရွက်ပြုကာ ခုနစ်ရက်သားသမီး စေတနာရှင်များ စုပေါင်းလှူဒါန်းမှုနှင့် ရှေးမူရှေးဟန်မပျက် ပြုပြင်မွမ်းမံလျက်ရှိရာ ယခုအခါ စေတီတော်ကြီး ဖောင်းရစ်အထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းစေတီတော်မြတ်ကြီး သတ်မှတ်ကာလအတွင်း ပြီးမြောက်စေရန် စေတီတော်ကြီး၏ ပင်မအဓိကလုပ်ငန်းဖြစ်သော စေတီတော်ကြီးမဏ္ဍိုင်တည်ကာ အထွတ်သို့တင်လှူ၍လည်းကောင်း၊ စေတီတော်မြတ်ကြီး အလယ်ပစ္စယံ၌ တွေ့ရှိသော ရှေးဟောင်းဗုဒ္ဓဆင်းတုတော် ရှစ်ဆူတို့အား မြို့နယ်သံဃနာယကအကျိုးတော်ဆောင်၊ ပြည်နယ်သံဃဝန်ဆောင် သဒ္ဓမ္မဇောတိကဓဇ သာသနာ ၂၅၀၀ တိုက်သစ်ကျောင်းဆရာတော် ဘဒ္ဒန္တ ကောသလအရှင်သူမြတ် ဦးဆောင်၍ ဘဏ္ဍာကျောင်းတိုက်ဆရာတော် အရှင်ဇေနေယျ၊ မြရွှေဂူပရိယတ္တိဆရာတော် အရှင်သုနန္ဒနှင့် သံဃာတော်အရှင်သူမြတ်များက ဘုရားအနေကဇာတင်ခြင်း၊ ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ပြုလုပ်၍လည်းကောင်း ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ရှစ်ဆူတို့အား အလယ်ပစ္စယံတွင် ဌာပနာသွင်းပူဇော်ကြသည်။

အဆိုပါ စေတီတော်မြတ်ကြီး ရှေးမူရှေးဟန်အတိုင်း ပြုပြင်မွမ်းမံရာတွင် ကုသိုလ်ပါဝင်လှူဒါန်းလိုကြသော စေတနာရှင်များအနေဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဇာနေယျ အရှင်သူမြတ် ဖုန်း- ၀၉-၄၀၃၇၉၉၉၀၁ နှင့် ဂေါပကအဖွဲ့ ၀၉-၇၇၅၈၅၈၁၂၄ (KP) တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# အထည်ချုပ်စက်ရုံအများဆုံးတည်ရှိရာ လှိုင်သာယာနှင့်ရွှေပြည်သာတို့၌ စက်ရုံလုပ်သားများ အေးချမ်းစွာလုပ်ငန်းခွင်ဝင်ရောက်

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စက်မှုဇုန် ၂၉ ဇုန်တွင် စက်ရုံလုပ်သားများ အေးချမ်းစွာ လုပ်ငန်းခွင် ဝင်ရောက်ကြလျက်ရှိရာ အထည်ချုပ်စက်ရုံအများဆုံး တည်ရှိရာ လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့၌ စက်ရုံအလုပ်သမားများလည်း အေးချမ်းစွာ လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ယခု ရက်ပိုင်းအတွင်း လှိုင်သာယာမြို့နယ်ရှိ စက်မှုဇုန်များနှင့် အခြားသော မြို့နယ်တို့ရှိ စက်မှုဇုန်အအချို့တွင် စစ်ကိုင်းတိုင်းဒေသကြီး မှတ်ပုံတင်ကိုင်ဆောင်ထားသော စက်ရုံလုပ်သားများကို အလုပ်မှထုတ်ပစ်ခြင်းနှင့် တစ်လအနားပေးခြင်း ကောလာဟလများ လူမှုစာမျက်နှာနှင့် အလုပ်သမားအချို့ ပြောကြားမှုထွက်ပေါ်ခဲ့ရာ ပြည်တွင်းစက်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်မှုဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေချောမွေ့မှုကို မလိုလားသူအချို့လှုံ့ဆော်မှုကြောင့် စက်မှုဇုန်များရှိ အလုပ်သမားများ စိုးရိမ်ပူပန်မှု ရှိခဲ့ခြင်းဖြစ်သည်။

“လူမှုစာမျက်နှာလိုင်းပေါ်မှာတော့ တွေ့လိုက်မိတယ်။ အပြင်မှာ တကယ်တော့ မရှိပါဘူး။ ယနေ့အထိလည်း တကယ်မြေပြင်မှာမကြား မိသေးဘူး။ ကျွန်တော်တို့ စက်မှုဇုန်ကော်မတီကို တင်ပြတာလည်း မရှိဘူး။ အားလုံး အေးချမ်းပါတယ်။ လျှပ်စစ်မီး တစ်နေ့ ၈ နာရီပဲရလို့ အလတ်စားနဲ့ အသေးစားစက်ရုံ ၂၀ ကျော် တောင့်မခံနိုင်လို့ ရပ်နားတာပဲရှိတယ်။ အကြီးစားလုပ်ငန်းနဲ့ အထည်ချုပ်စက်ရုံကြီးတွေ ကောင်းမွန်စွာ လည်ပတ်ပြီး အလုပ်သမားတွေလည်း ပုံမှန်ဆင်းနေပါတယ်” ဟု ရွှေပြည်သာနှင့် ဝါးတစ်ရာစက်မှုဇုန်ဥက္ကဋ္ဌ ဦးမျိုးသိန်းက ပြောသည်။

ရွှေပြည်သာစက်မှုဇုန် (၁) ၌ စက်ရုံပေါင်း ၂၀၀ ခန့်တွင် လုပ်သား ၅၀၀၀၀ ခန့်၊ ဝါးတစ်ရာစက်မှုဇုန်၌ စက်ရုံ ၇၀ ခန့်တွင် အလုပ်သမား ၂၀၀၀၀ ခန့်ဖြင့် လည်ပတ်လျက်ရှိသည်။

“ကျွန်တော်တို့ လှိုင်သာယာရွှေလင်ပန်းစက်မှုဇုန်မှာ စက်ရုံနဲ့ လုပ်သားတွေ အေးအေးချမ်းချမ်းပါပဲ။ မှတ်ပုံတင်ကိစ္စနဲ့ ပတ်သက်ပြီး စက်ရုံပိတ်တာ၊ အလုပ်သမားထုတ်ပယ်တာ မကြားမိပါဘူး။ အထည်ချုပ်လုပ်သား များတဲ့အတွက် အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန် နားလည်မှုနဲ့ လုပ်ငန်းခွင် လည်ပတ်နေကြပါတယ်။ အလုပ်သမားတွေ ပုံမှန်အလုပ်ဝင်ရောက်နေတာဖြစ်တဲ့အတွက် ကောလာဟလသတင်းလွှင့်တယ်လို့ မြင်မိပါတယ်” ဟု ရွှေလင်ပန်းစက်မှုဇုန်ကော်မတီရုံးမှ ရုံးအဖွဲ့မှူး ဦးအောင်ငွေက ပြောသည်။

ရွှေလင်ပန်း စက်မှုဇုန်တွင် စက်ရုံပေါင်း ၄၂၀ ခန့် လည်ပတ်လျက်ရှိပြီး ထိုစက်ရုံများ၌ အထည်ချုပ် စက်ရုံ ၅၉ ရုံပါဝင်၍ အလုပ်သမား ၈၀၀၀၀ ခန့် လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိကာ ၂၀၂၂ ခုနှစ်တွင် ဩဂုတ်လအထိ အထည်ချုပ်စက်ရုံအသစ် ၁၅ ရုံ တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုဇုန်ပေါင်း ၂၉ ဇုန်ရှိပြီး လှိုင်သာယာမြို့နယ်၌ ဇုန် ၁ မှ ၇ အထိ စက်မှုဇုန်များအပြင် ရွှေလင်ပန်းစက်မှုဇုန်၊ ရွှေသံလွင်စက်မှုဇုန်၊ အနော်ရထာစက်မှုဇုန်၊ မြစိမ်းရောင်စက်မှုဇုန်နှင့် မွေးမြူရေးဇုန်တို့ရှိသည်။ ထိုဇုန်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၌ စက်ရုံလုပ်သားများ အေးချမ်းစွာ လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိကာ စက်ရုံများ လည်ပတ်လျက်ရှိကြောင်း သိရသည်။ **ညိမ်းသူ (သတင်းစဉ်)**






# (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ရွှေလေးခု၊ ငွေခြောက်ခုနှင့် ကြေးရှစ်ခု ထပ်မံဆွတ်ခူး

**ရန်ကုန် ဩဂုတ် ၄**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ယနေ့ယှဉ်ပြိုင်မှုတွင် ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ခြောက်ခု၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု၊ အလေးမအားကစားနည်းမှ ငွေနှစ်ခုနှင့် မြားပစ်အားကစားနည်းမှ ကြေးတံဆိပ် တစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

မြန်မာအားကစားအဖွဲ့သည် MANAHAN ကွင်း၌ကျင်းပသည့် ပြေးခုန်ပစ်ပြိုင်ပွဲ၊ JATIDIRI ရေကူးကန်၌ကျင်းပသည့် ရေကူးပြိုင်ပွဲ၊ Solo Paragon Hotel ၌ကျင်းပသည့် အလေးမပြိုင်ပွဲနှင့် Kota Barat ကွင်း၌ကျင်းပသည့် မြားပစ်အားကစားပြိုင်ပွဲတို့ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသားမီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် စိုးပေက ရွှေတစ်ခု၊ ကျော်ကျော်ဝင်းက ကြေးတစ်ခု၊ အမျိုးသားမီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် သက်ထူးအောင်က ကြေးတစ်ခု၊ ဇော်မင်းလွင်က အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတစ်ခု၊ အမျိုးသား သံပြားပစ်ပြိုင်ပွဲတွင် ငွေတစ်ခု၊ အောင်ဖုန်းမြတ်က အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတစ်ခု၊ အမျိုးသားမီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ငွေတစ်ခု၊ နန္ဒလင်းက အမျိုးသမီးမီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ငွေတစ်ခု၊ မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ကြေးတစ်ခု၊ လော်လာဝင်းက အမျိုးသမီးအလျားခုန်ပြိုင်ပွဲတွင် ငွေတစ်ခု၊ ထက်ထက်အေးက အမျိုးသမီးလုံတံပစ်ပြိုင်ပွဲတွင် ကြေးတစ်ခု၊ စိုးသန်းက အမျိုးသားအမြင့်ခုန်ပြိုင်ပွဲတွင် ကြေးတစ်ခု၊ အောင်ထွန်းလင်းက အမျိုးသားသံပြားပစ်ပြိုင်ပွဲတွင် ကြေးတစ်ခု၊ နန္ဒစိုးမင်းက အမျိုးသားမီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ရွှေတစ်ခု၊ အောင်မြင့်မြတ်က အမျိုးသားမီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ကြေးတစ်ခု၊ ငြိမ်းစန္ဒာအောင်က အမျိုးသမီးအလေးမပြိုင်ပွဲတွင် ငွေနှစ်ခု၊ စိန်ဖော့က အမျိုးသမီးတစ်ဦးချင်း မြားပစ်ပြိုင်ပွဲတွင် ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမိုးက အမျိုးသားမီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် နန္ဒစိုးမင်းကိုလည်းကောင်း၊ မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(ပြည်ပရေးရာ)ဗိုလ်မှူးချုပ် တင်မောင်လှိုင် (ငြိမ်း)နှင့် ဆေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်စိုး (ငြိမ်း) တို့က အမျိုးသားမီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးရရှိခဲ့သည့် အားကစားသမားများအား ဆုချီးမြှင့်ပေးအပ်သည်။

(၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်အနေဖြင့် ပြေးခုန်ပစ်၊ မြားပစ်၊ ဂိုးလ်ဘော၊ ရေကူး၊ ဘောလုံး၊ ထိုင်လျက်ဘော်လီဘောနှင့် အလေးမအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ယနေ့အထိ မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်အနေဖြင့် ရွှေတံဆိပ် ၁၃ ခု၊ ငွေတံဆိပ်ကိုးခု၊ ကြေးတံဆိပ် ၁၃ ခု စုစုပေါင်း ၃၅ ခု ရရှိလျက်ရှိကြောင်း သိရသည်။ **အာကာစိုး**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၄

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောင်းစုကြီးရပ်ကွက်နေ သန်းဝင်းသည် ၎င်းအသုံးပြုသည့် “Than Win” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၆၈၀ | ၁၇၂၅ | ၁၇၂၀ | ၁၆၉၀ | ၁၇၂၅ | ၁၇၅၀ | ၁၇၃၅ | ၁၇၁၀ | ၁၈၀၅ | ၁၈၂၀ | ၁၇၂၀ | ၁၇၂၅ | ၁၇၆၀ | ၁၇၆၅ | ၁၇၆၅ | ၁၉၈၅ | ၂၆၉၅ |
| 95 Ron | ၁၇၄၀ | ၁၇၈၅ | ၁၇၈၅ | ၁၇၄၅ | ၁၇၈၅ | ၁၈၀၅ | ၁၇၉၀ | ၁၇၇၀ | ၁၈၆၅ | ၁၈၈၀ | ၁၇၇၅ | ၁၇၉၅ | ၁၈၂၀ | ၁၈၂၀ | ၁၈၂၅ | ၂၀၄၀ | ၂၇၅၀ |
| HSD (500 ppm) | ၂၀၃၀ | ၂၀၈၀ | ၂၀၇၅ | ၂၀၄၀ | ၂၀၇၅ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၅ | ၂၁၇၅ | ၂၁၇၀ | ၂၀၇၀ | ၂၀၈၀ | ၂၁၁၅ | ၂၁၁၅ | ၂၁၁၅ | ၂၃၃၅ | ၃၀၄၀ |
| HSD (50 ppm) | ၂၀၉၀ | ၂၁၃၅ | ၂၁၃၀ | ၂၀၉၅ | ၂၁၃၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၂၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၂၅ | ၂၁၃၅ | ၂၁၇၀ | ၂၁၇၀ | ၂၁၇၅ | ၂၃၉၀ | ၃၀၇၀ |
| HSD (10 ppm) | ၂၀၉၀ | ၂၁၃၅ | ၂၁၃၀ | ၂၀၉၅ | ၂၁၃၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၂၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၂၅ | ၂၁၃၅ | ၂၁၇၀ | ၂၁၇၀ | ၂၁၇၅ | ၂၃၉၀ | ၃၀၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၅၉၂ | ၁၆၅၇ |
| 95 Ron | ၁၆၄၈ | ၁၇၁၅ |
| HSD (500 ppm) | ၁၉၃၂ | ၂၀၀၁ |
| HSD (50 ppm) | ၁၉၈၈ | ၂၀၅၇ |
| HSD (10 ppm) | ၁၉၈၈ | ၂၀၅၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဩဂုတ် ၄

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ရွှေတောင်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်

ရွှေတောင် ဩဂုတ် ၄

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် ၂၀၂၂ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေတောင်မြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မျိုးသန့်၏ ဦးဆောင်မှုဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်နှင့် ကျေးရွာအုပ်စု များတွင် ၂၀၂၂ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအစီအစဉ်ဖြင့် ဩဂုတ် ၁ ရက်မှစတင်၍ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား စနစ်တကျ မိခင်နို့တိုက်ကျွေးရေး အသိပညာပေးခြင်း၊ အာဟာရဖြည့်စွက်စာများ ဝေငှခြင်း၊ ဗီတာမင်ဆေးများ တိုက်ကျွေးခြင်း၊ ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေနှင့် သန်ချဆေးများ တိုက်ကျွေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**



# အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ မြန်မာအသင်း တတိယဆုနှင့် လွဲချော်

ရန်ကုန် ဩဂုတ် ၄

၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ဩဂုတ် ၄ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းသည် ထိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အရှုံးနိမ့်ပြီး တတိယဆုနှင့် လွဲချော်ခဲ့သည်။

ဗိုလ်လုပွဲတွင် ဗီယက်နမ်ကို အရှုံးနိမ့်ပြီး ဗိုလ်လုပွဲနှင့်လွဲချော်ခဲ့သည့် မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် တတိယနေရာ ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ထိုင်းကို အရှုံးနိမ့်ပြီး ဆုတံဆိပ်နှင့် လွဲချော်ခဲ့ရသည်။ မြန်မာအသင်းအနေဖြင့် ယခုပြိုင်ပွဲတွင် အောင်မြင်မှုရရန် ကြိုးပမ်းခဲ့သော်လည်း ကစားသမားအများစု နိုင်ငံတကာအတွေ့အကြုံမရှိခြင်း၊ ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ မကစားရခြင်း၊ ပြိုင်ပွဲကာလအတွင်း အမာခံကစားသမားအချို့ မပါဝင်နိုင်ခြင်းတို့ကြောင့် အရေးပါသည့်ပွဲများတွင် မျှော်မှန်းသလောက် ခြေစွမ်းမပြနိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် ဒေါ်သက်သက်ဝင်းသည် အမာခံကစားသမားအချို့ မပါဝင်နိုင်သဖြင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ဖြူဖြူဝင်း၊ မေဦးခင် (ဂိုး)၊ ကြယ်စင်၊ ဖြူဖွေး၊ ရွှန်းလဲ့နိုင်၊ ဝေဖူးအိမ်၊ ယဉ်လွန်းအိမ်၊ ဇင်မိုးပြည့်၊ ခင်စန်းလွင်၊ ဆုမြတ်နိုး၊ ဟေမာန်စိုး တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲတွင်လည်း ထိုင်းအသင်းကို သူတင်ကိုယ်တင်ကစားနိုင်ရန် ကြိုးပမ်းခဲ့ပြီး ဂိုးရနိုင်သည့်အခွင့်အရေးများရသော်လည်း အသုံးမချနိုင်သဖြင့် နစ်နာခဲ့ရသည်။ ထိုင်းအသင်းအတွက် အနိုင်ဂိုးများကို ၂၁ မိနစ်တွင် မာနိုဝမ်၊ ၉၀+၁ မိနစ်တွင် ဂျီနာသောင်ပန်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များတွင် မလေးရှားကို နှစ်ဂိုး-ဂိုးမရှိ၊ ဖိလစ်ပိုင်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဩစတြေးလျကို နှစ်ဂိုး-တစ်ဂိုးဖြင့် အရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ပြီး ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်ကို လေးဂိုး-တစ်ဂိုး၊ တတိယလုပွဲတွင် ထိုင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အရှုံးနိမ့်ကာ စတုတ္ထနေရာဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-AFF



# ဟံသာဝတီကို အနိုင်ယူပြီး မြဝတီအသင်း အဆင့် ၄ နေရာ ဆက်လက်ရပ်တည်

ရန်ကုန် ဩဂုတ် ၄

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) နောက်ဆုံးနေ့အဖြစ် မြဝတီနှင့် ဟံသာဝတီအသင်းတို့ ဩဂုတ် ၄ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ မြဝတီအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဟံသာဝတီအသင်းသည် ယခုပွဲအနိုင်ရပါက အဆင့် ၄ နေရာရယူနိုင်မည်ဖြစ်သောကြောင့် ကြိုးပမ်းခဲ့သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့်ဂိုးဖြင့် အရှုံးနိမ့်ပြီး ယခုရာသီ၏ တတိယမြောက် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ တန်းတက် မြဝတီအသင်းသည် ယခုရာသီတွင် မထင်မှတ်သည့် စွမ်းဆောင်ရည်ကောင်းများ ပြသနေပြီး စတုတ္ထမြောက်နိုင်ပွဲနှင့် အဆင့် ၄ နေရာတွင် ဆက်လက်ရပ်တည်နေသည်။

နှစ်သင်းစလုံး ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့သော်လည်း အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ပွဲမှာ အပြန်အလှန်ရှိသလို ဂိုးသွင်းခွင့်များလည်း အပြန်အလှန်ရရှိခဲ့သည်။ ပွဲအစပိုင်းတွင် မြဝတီအသင်းက ပိုဖိကစားနိုင်ခဲ့သော်လည်း ၁၅ မိနစ်နောက်ပိုင်းတွင် ဟံသာဝတီအသင်း တိုက်စစ်ကစားပုံပြန်ကောင်းလာပြီး အပြန်အလှန်ကစားနိုင်ခဲ့သည်။

နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ အပြန်အလှန်ရခဲ့သော်လည်း ဟံသာဝတီအသင်းအနေဖြင့် အဆုံးသတ်အားနည်းမှုကြောင့် ဒုတိယပိုင်းတွင် ဂိုးပေးလိုက်ရပြီး ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ၆၈ မိနစ်တွင် မြဝတီအသင်း အနိုင်ဂိုးရခဲ့ပြီး နိုင်ဇင်ထက်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ဟံသာဝတီအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ဂိုးပြန်မသွင်းနိုင်သဖြင့် ရှုံးပွဲရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ပွဲစဉ် (၆) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၁၈ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ရှေဝတီနှင့် ရန်ကုန်အသင်းက ရမှတ် ၁၃ မှတ်စီ၊ မြဝတီအသင်းက ၁၂ မှတ်၊ အား/ကာ သိပ္ပံအသင်းက ရှစ်မှတ်၊ ဟံသာဝတီနှင့် ရတနာပုံအသင်းက ခုနစ်မှတ်စီ၊ မဟာယူနိုက်တက်အသင်းက ခြောက်မှတ်၊ GFA အသင်းက သုံးမှတ် ရရှိထားပြီး ရခိုင်အသင်းမှာမူ ခြောက်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ရဲရင့်လွင်
ဓာတ်ပုံ- MNL



မြဝတီနှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်နေစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီ၊ ဓာတုကုန်ကြမ်းပစ္စည်း၊ လုပ်ငန်းသုံးစက်ပစ္စည်းများနှင့် စက်လှေများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၄

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသည့် လုပ်ငန်းသုံးစက်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၇၀၀၇၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့ကုန်တင်ကုန်ချကားကြီးကွင်းအတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် အိမ်မွေးတိရစ္ဆာန်သုံး ရေချိုးဆပ်ပြာများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၄၀၀၀၀)(**အောက်ပုံ**)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ မင်းလှမြို့ တောင်ဘက် ၁၂ မိုင်ခန့်အကွာ သပြေတောကျေးရွာ အရှေ့ဘက် ဧရာဝတီမြစ်အတွင်း၌ တရားမဝင် ကျောက်စရစ် စုပ်ယူရာတွင် အသုံးပြုသည့် လိုင်စင်မဲ့ ကျောက်စုပ်မော်တော်ယာဉ် ၁၀ စင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၅၀၀၀၀၀) ကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၇၄၀၀၀၀) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့ ကွေ့ကြီးရပ်ကွက် လှည်းဆိပ်၌ တရားမဝင် စက်သုံးဆီ ဂါလန် ၁၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၀၀၀၀) ကိုလည်းကောင်း၊ ကောလင်း-ဝန်းသိုသွားကားလမ်း၌ တရားမဝင် စက်သုံးဆီ ဂါလန် ၁၄၁၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၃၀၁၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၃၈၁၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဩဂုတ် ၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သံလွင်တံတား စုပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ဓာတုကုန်ကြမ်း ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ ၁၀ ဒသမ ၈၀၃၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၂၉၇၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မောင်တောခရိုင် မောင်တောမြို့နယ်အတွင်း တရားမဝင် ကညင်ခွဲသား ၂၅ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၅၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၉၄၉၂၉၉၇၈) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်






## ရေချွေတာရေး နည်းလမ်းများ

- ❄ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
  ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ❄ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။
  ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❄ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❄ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❄ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

# နီပေါနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲများကို နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပသွားမည်



**ခတ္တမန္ဒူ ဩဂုတ် ၄**

နီပေါနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲများကို နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း အစိုးရက ဩဂုတ် ၄ ရက်က ပြောကြားလိုက်သည်။

ရွေးကောက်ပွဲ ကော်မရှင်၏ အကြံပြုချက်နှင့် ပတ်သက်ပြီး အစိုးရအဖွဲ့ အစည်းအဝေးက ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

အစိုးရအဖွဲ့သည် အောက်လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအတွက် နိုဝင်ဘာ ၂၀ ရက်တွင် ရွေးကောက်ပွဲများ ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီး ဂျာနန်ဒရာ ဘာဟာဒါကာကီက မီဒီယာများကို ပြောကြားခဲ့သည်။

အောက်လွှတ်တော်နှင့် နိုင်ငံ၏ ပြည်နယ်ခုနစ်၏ ယခင် ရွေးကောက်ပွဲများကို နိုဝင်ဘာ ၂၆ ရက်နှင့် ဒီဇင်ဘာ ၇ ရက်တို့တွင် အဆင့်နှစ်ဆင့်ဖြင့် ကျင်းပခဲ့သည်။

ပါတီငါးခုပါ အာဏာရမဟာမိတ်အဖွဲ့၏ ဩဂုတ် ၃ ရက် အစည်းအဝေးက ဆန္ဒခံယူပွဲများကို နိုဝင်ဘာ ၂၀ ရက်တွင် အဆင့်တစ်ဆင့်တည်းဖြင့် ကျင်းပရန် သဘောတူခဲ့သည်။

ဆင်ဟွာ

## ဘေရွတ်ဆိပ်ကမ်းပေါက်ကွဲမှုတွင် သေဆုံးခဲ့သူများအတွက် တရားမျှတမှုရှိအောင် လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း လက်ဘနွန်သမ္မတ ထပ်လောင်းပြောကြား

**ဘေရွတ် ဩဂုတ် ၄**

၂၀၂၀ ပြည့်နှစ် ဘေရွတ်ဆိပ်ကမ်းပေါက်ကွဲမှု **(အောက်ပုံ)** တွင် သေဆုံးခဲ့သူများအတွက် တရားမျှတမှုရှိအောင် လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း လက်ဘနွန်သမ္မတ မိုက်ကယ်အောင်းက ဩဂုတ် ၄ ရက်က ထပ်လောင်းပြောကြားလိုက်သည်။

လိမ်လည်မှု၊ မတရားမှုမှ ကင်းဝေးသော သမာသမတ်ကျသော တရားစီရင်ရေးလုပ်ငန်းမှ တစ်ဆင့် အမှန်တရားကို အပြည့်အစုံဖော်ထုတ်ပြီး တရားမျှတမှုရှိအောင် လုပ်ဆောင်သွားမည်ဟု ဆိပ်ကမ်းပေါက်ကွဲမှုတွင် အသက်သေဆုံးခဲ့သူများ၏ မိသားစုဝင်များကို လက်ဘနွန်သမ္မတက အလေးအနက် ထပ်လောင်းပြောကြားလိုက်သည်။



ထို့အပြင် ဥပဒေအထက်တွင် မည်သူမျှမရှိစေရဟု အောင်းက ဝမ်းနည်းဖွယ်ဖြစ်ရပ်၏ ဒုတိယနှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြောကြားလိုက်သည်။

ဝန်ကြီးချုပ် နာဂျစ်မီကာတီက ဝမ်းနည်းဖွယ်ဖြစ်ရပ်တွင် သေဆုံးခဲ့သူများ၏ ဝိညာဉ်များ ငြိမ်းချမ်းစွာအနားယူရန် ဆန္ဒပြုပါကြောင်းနှင့် ချစ်ရသူများ၏ စိတ်နှလုံးများလည်း သာယာပါစေဟု ဆုတောင်းမေတ္တာပို့သခဲ့သည်။

အပြစ်ရှိသူများကို ပြစ်ဒဏ်မချမှတ်နိုင်သမျှ တရားမျှတမှုရှိမည်မဟုတ်ကြောင်း ၎င်းက ပြောသည်။

ဆင်ဟွာ

## ကနေဒါနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၈၉၀ ရှိလာပြီဖြစ်

**အော့တဝါ ဩဂုတ် ၄**

ကနေဒါနိုင်ငံတွင် ဩဂုတ် ၃ ရက်အထိ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၈၉၀ ရှိလာပြီဖြစ်ကြောင်း ကနေဒါနိုင်ငံ ကျန်းမာရေးအေဂျင်စီက အတည်ပြုပြောကြားသည်။ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူများအနက် အွန်တေးရီးယိုးပြည်နယ်တွင် ၄၂၃ ဦး၊ ကွီးဘက်မြို့တော်တွင် ကူးစက်ခံရသူ ၃၇၃ ဦး၊ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ၇၈ ဦး၊ အယ်လ်ဘားတားပြည်နယ်တွင် ၁၃ ဦး၊ ဆက်စကက်ချီဝမ်နယ်တွင် နှစ်ဦးနှင့် ယူးကွန်းနယ်တွင် တစ်ဦးရှိကြောင်း ကျန်းမာရေးအေဂျင်စီက ပြောကြားသည်။

ကနေဒါနိုင်ငံ အမျိုးသားအဏုဇီဝဓာတ်ခွဲခန်းက မျောက်ကျောက်ရောဂါဖြစ်ပွားသည့် ဗိုင်းရပ်စ်အတွက် စမ်းသပ်စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ကနေဒါနိုင်ငံအစိုးရက Imvamune ကာကွယ်ဆေးအလုံးရေ ၇၀၀၀၀ ကျော်ကို ဖြန့်ဝေထားကြောင်း သိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လက်ရှိဖြစ်ပွားနေသည့် ကူးစက်ရောဂါကို နိုင်ငံတကာနှင့် သက်ဆိုင်သည့် အရေးပေါ်ပြည်သူ့ကျန်းမာရေးအခြေအနေတစ်ရပ်အဖြစ် ကြေညာထားကြောင်း သိရသည်။

ဆင်ဟွာ



ကနေဒါနိုင်ငံတွင် မျောက်ကျောက်ရောဂါ ဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

## ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၃၀၀၀၀ ကျော်ရှိလာ

**တိုကျို ဩဂုတ် ၄**

ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူမှာ မကြုံစဖူး တိုးလာခဲ့သည်။ ဩဂုတ် ၄ ရက်တွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၂၃၈၇၃၅ ဦးရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ပြင်းထန်စွာ ခံစားနေရသူ ၅၁၆ ဦးရှိကြောင်း သိရသည်။ တိုကျိုမြို့တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၃၅၃၃၉ ဦးရှိပြီး သေဆုံးသူ ၁၅ ဦးရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

အင်န်အိတ်ချ်ကေ

## စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၆၆၄၈ ဦးထပ်မံတွေ့ရှိ

**စင်ကာပူ ဩဂုတ် ၄**

စင်ကာပူနိုင်ငံတွင် ဩဂုတ် ၄ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၆၆၄၈ ဦးထပ်မံတွေ့ရှိလာသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၁၇၄၂၈၇၅ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများအနက် ပီစီအာနည်းဖြင့် စစ်ဆေးတွေ့ရှိသူ ၆၄၉ ဦးထပ်မံတွေ့ရှိပြီး အအောာတီနည်းစစ်ဆေးမှုဖြင့်ရောဂါကူးစက်ခံရသူ ၅၉၉၉ ဦးတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် စာရင်းအချက်အလက်များအရ သိရသည်။ ပီစီအာနည်း စစ်ဆေးမှုဖြင့် ရောဂါကူးစက်ခံရသူ ၆၁၂ ဦးမှာ ဒေသတွင်း ကူးစက်မှုများဖြစ်ပြီး ၃၇ ဦးမှာ ပြည်ပမြစ်ကူးစက်ခံရသူများဖြစ်သည်။ လက်ရှိတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ ၆၈၉ ဦးရှိပြီး ၆၃ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေကြောင်း သိရသည်။

ဆင်ဟွာ

## မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပေါ်နိုင်ကြောင်း ဂျပန်အာဏာပိုင်များက သတိပေးတိုက်တွန်း

**တိုကျို ဩဂုတ် ၄**

နီဂါတာပြည်နယ်တွင် အမြင့်ဆုံးအဆင့် အရေးပေါ်မိုးရွာသွန်းမှု သတိပေးချက်ကို ဆက်ပေးထားကြောင်း မိုးလေဝသအာဏာပိုင်များက ကြေညာထားသည်။ ဟိုကူရီကူဒေသ၏ နေရာအနှံ့အပြားတွင် ရက်တိုတရက် မိုးဆက်လက်ရွာသွန်းရန် ခန့်မှန်းမှုနှင့်အတူ နောက်ထပ်ဖြစ်နိုင်သော ဘေးအန္တရာယ်များကို စောင့်ကြည့်ရန် မိုးလေဝသအာဏာပိုင်များက ပြည်သူများကို တိုက်တွန်းထားကြောင်း၊ နီဂါတာပြည်နယ်တွင် လွန်ခဲ့သော ၂၄ နာရီအတွင်း မိုးရေချိန် ၅၀၀ မီလီမီတာကျော်ရှိကြောင်း သိရသည်။ ဂျပန်ပင်လယ်ကမ်းရိုးတန်းရှိ စီရင်စုတွင် ထူးထူးခြားခြားရေကြီးမှုနှင့် မြေပြိုမှုသတင်းများ ထုတ်ပြန်ထားသည်။ မုရာခါမီမြို့ရှိ ပြည်သူများအား အိမ်တွင်နေထိုင်ရန် သို့မဟုတ် ပိုမိုလုံခြုံသောနေရာသို့ ရွှေ့ပြောင်းရန် မိုးလေဝသအာဏာပိုင်များက သတိပေးထားသည်။ ပြည်နယ်ငါးခုတွင်ရှိသည့် လူပေါင်း ၂၀၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ နေရာပြောင်းရွှေ့ရန် အမိန့်ထုတ်ပြန်ထားသည်။

အင်န်အိတ်ချ်ကေ




ဂျပန်နိုင်ငံ နီဂါတာပြည်နယ်တစ်နေရာတွင် ရေကြီးမှုဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။

## ဩဂုတ် ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၁၉ ရာခိုင်နှုန်းရှိ

(၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆,၃၀၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၅၉,၆၃၇)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၁၅၈) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၉၄၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၄-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၄၀) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၁) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၈၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၀၇) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၃၄၁) ခု | (၇)ဦး |
| စုစုပေါင်း | (၆,၃၀၄) ခု | (၁၂)ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ ကျောင်းသားများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်း ရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် ဩဂုတ် ၄** တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ငါးနှစ် မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည် အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများ နှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေ မြို့နယ်၌ ဒေသခံပြည်သူ ၁၀၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၄၁၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၆၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၇၅၀၀၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၁၅၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၇၉၇၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၅၃၇ ဦး၊ မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ခရိုင်ခုနစ် ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၁၅၇၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံ များမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှု များကို သက်ဆိုင်ရာ တိုင်းဒေသ ကြီးနှင့် ပြည်နယ်များမှ တာဝန် ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မျိုးရိုးဗီဇပြောင်း ကိုဗစ်–၁၉ ရောဂါပိုး အိုမီခရွန် နှင့် ၎င်း၏မျိုးစိတ်အသစ်များကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံခြင်းနှင့် ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းဖြင့်သာ ထိရောက်စွာ ကာကွယ်နိုင်သောကြောင့် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနများတွင် ထပ်ဆောင်း ကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံမှုခံယူရန် တိုက်တွန်းအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။

# ပဲ၊ ပြောင်းနှင့် နှမ်း တင်ပို့ရာတွင် အသင်း၏ထောက်ခံချက်ရရှိပြီးမှသာ တင်ပို့နိုင်မည်



**နေပြည်တော် ဩဂုတ် ၄**

ပင်လယ်ရေကြောင်းမှ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းအမျိုးမျိုးနှင့် မြေပဲဆန် တင်ပို့ခွင့် လျှောက်ထားခြင်းများအတွက် ပို့ကုန်လိုင်စင်လျှောက်ထားမှု တစ်စောင်ချင်းအပေါ်စိစစ်၍ ထောက်ခံချက် ထုတ်ပေးနိုင်ပါရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းသို့ ညွှန်ကြားထားသဖြင့် တင်ပို့သူများ ထောက်ခံချက် လာရောက်လျှောက်ထားနိုင်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်း ကုန်သည်များအသင်းမှ သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း အမျိုးမျိုးနှင့် မြေပဲဆန်များ ပြည်ပနိုင်ငံများသို့ တင်ပို့ခြင်းအတွက် ဇူလိုင်လဆန်းမှစတင်၍ အမေရိကန်ဒေါ်လာ အသုံးပြုသော ပုံမှန်ကုန်သွယ်မှုနည်းလမ်းဖြင့်သာ ပို့ကုန်လိုင်စင်များအား ခွင့်ပြုထုတ်ပေးလျက်ရှိသည်။ ယင်းသို့ ပို့ကုန်လိုင်စင်များ စိစစ်ထုတ်ပေးရာတွင် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၏ ထောက်ခံချက်ဖြင့်သာ ပို့ကုန်လိုင်စင်ခွင့်ပြု ထုတ်ပေးရန် ကုန်သွယ်ရေး ဦးစီးဌာနသို့ ညွှန်ကြားထားသည်။

ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းအမျိုးမျိုးနှင့် မြေပဲဆန်များ ပြည်ပတင်ပို့ရန် ပို့ကုန်လိုင်စင်လျှောက်ထားလိုသည့် အသင်းဝင် ပို့ကုန်ကုမ္ပဏီများအနေဖြင့် အချက်အလက်များအား ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ သတ်မှတ်စာရွက်စာတမ်းများ စနစ်တကျ ပူးတွဲပြုစုကာ အသင်းသို့ တင်ပြလျှောက်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ သတ်မှတ်ထားသည့် Excel File (MPBMSMA–Export License Endorsement) ပါ အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ထားသည့် Soft Copy File ကို ed@mpbmsma.org သို့ ကြိုတင်ပေးပို့ထားရန်လိုအပ်ပြီး ကုမ္ပဏီ Letter Head ဖြင့် MPBMSMA ထံ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် ပို့ကုန်လိုင်စင်ထုတ်ယူခွင့်ရရှိရေး ထောက်ခံချက်ပြုပေးပါရန် တင်ပြစာနှင့် ထောက်ခံချက်လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက် စာရွက်စာတမ်းများကို ပူးတွဲတင်ပြရန် လိုအပ်ကြောင်း သိရသည်။

စည်းကမ်း သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် တင်ပြစာနှင့် အချက်အလက်များဖြင့် ပို့ကုန်လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီများအား မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းက ဇူလိုင် ၁၁ ရက်က ကျင်းပသည့် အသင်း၏ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး ဆွေးနွေးဆုံးဖြတ်ချက်ပါ သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနထံသို့ ထောက်ခံချက် ထုတ်ပေးမည်ဖြစ်သည်။

ထို့နောက် ကုန်သွယ်ရေးဦးစီးဌာန၏ Myanmar Trade Net 2.0 (https://myanmartrade net.com) သို့ ဝင်ရောက်၍ လုပ်ငန်းရှင်များသည် မိမိတို့ လျှောက်ထားလိုသည့် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းအမျိုးမျိုးနှင့် မြေပဲဆန်တို့နှင့် သက်ဆိုင်သည့် အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်ကာ အသင်း၏ ထောက်ခံချက်နှင့်အတူ ဆက်လက်လျှောက်ထားရန် လိုအပ်ကြောင်း သိရသည်။

လျှောက်ထားသည့် ပို့ကုန်ကုမ္ပဏီများအနေဖြင့် ဖြည့်စွက်သည့် အချက်အလက်များ မပြည့်စုံခြင်း၊ အသင်းမှ ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းကမ်းချက်များကို လိုက်နာရန် အကန့်အသတ်ရှိသည့် ပို့ကုန်ကုမ္ပဏီများ ဖြစ်/မဖြစ် အသင်းက စိစစ်နေခြင်းတို့ကြောင့် ပို့ကုန် လိုင်စင်များရရှိမှု ကြန့်ကြာနိုင်ခြင်းကြောင့် ပို့ကုန်လိုင်စင်မရရှိခင် သင်္ဘောတင်ခြင်းမပြုရန်လည်း လိုအပ်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်း နှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။

**ကိုရိုး**



## လေကြောင်းပို့ကုန်များအား ပို့ကုန်ဆိုင်ရာလုပ်ငန်းစဉ်များ အချိန်မီဆောင်ရွက်ရန် လိုအပ်

**ရန်ကုန် ဩဂုတ် ၄**

လေကြောင်းကုန်စည်များ တင်သွင်းရာတွင် House Air Waybill များအတွက် HCH Service ဆောင်ရွက်ပြီးပါက YACL ကုန်လှောင်ရုံသို့ HPK Service ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း အကောက်ခွန်ဦးစီးဌာန ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးနှင့် ထိန်းချုပ်မှုဌာနခွဲမှ သိရသည်။

အချို့သော Freight Forwarder များအနေဖြင့် HCH Service ကို ဆောင်ရွက်ကြသော်လည်း YACL ထံသို့ အချိန်မီအကြောင်းကြားထားခြင်းမရှိသဖြင့် YACL မှလည်း HPK Service လုပ်ဆောင်ရန်အတွက် အခက်အခဲများ ဖြစ်ပေါ်နေသည့်အပြင် House Air Waybill အသုံးပြုသည့် သွင်းကုန်လုပ်ငန်းရှင်များသည်လည်း Declaration တင်သွင်းရာ၌ အခက်အခဲများ ပေါ်ပေါက်နေခြင်းအတွက် ယခုကဲ့သို့ အချိန်မီအကြောင်းကြားပေးကြရန် တိုက်တွန်းထားခြင်းဖြစ်သည်။

လေကြောင်းကုန်စည်များအတွက် House Air Waybill အသုံးပြုပြီး ထုတ်ယူမည့် ကုန်စည်များအတွက် သက်ဆိုင်ရာ Freight Forwarder များက MACCS စနစ်တွင် HCH Service (House Manifest Registration B ဖြင့် House Air Waybill ခွဲခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းထံ ပေးပို့အကြောင်းကြားထားသည်။

ထိုသို့ဆောင်ရွက်ပြီးပါက YACL ကုန်လှောင်ရုံသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားဆောင်ရွက်ပေးမှသာ အဆိုပါကုန်လှောင်ရုံမှ ကုန်ပစ္စည်းခွဲထုတ်ခြင်းလုပ်ငန်းစဉ်ဖြစ်သည့် HPK Service (Consolidated air cargo check registration)ကို ဆက်လက် လုပ်ငန်းဆောင်ရွက်ပေးမည်ဖြစ်သည်။ HPK Service (Consolidated air cargo check registration) ဆောင်ရွက်ပြီးပါက House Air Waybill ဆောင်ရွက်ပြီးစီးကြောင်း YACL အော်ပရေတာထံသို့ သက်ဆိုင်ရာ Freight Forwarder များက အချိန်နှင့်တစ်ပြေးညီ ပြန်လည်အကြောင်းကြားရန် လိုအပ်ကြောင်း ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲ (MACCS) မှ သိရသည်။

**ကိုရိုး**

## ဆေးဝါးနှင့် ဆေးပစ္စည်းများတင်သွင်းရာတွင် အသင်းမှ စိစစ်တင်ပို့လာပါက အထောက်အထား (OD) ပြသရန်မလိုဘဲ သွင်းကုန်လိုင်စင်ခွင့်ပြု

**ရန်ကုန် ဩဂုတ် ၄**

ဆေးဝါးနှင့် ဆေးပစ္စည်းများ တင်သွင်းရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေး ဦးစီးဌာနသည် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ စိစစ်ပေးပို့လာသော ကုမ္ပဏီများအား ကုန်ပစ္စည်းရောက်ရှိကြောင်း အထောက်အထား တင်ပြရန်မလိုဘဲ သွင်းကုန်လိုင်စင်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

သွင်းကုန်လိုင်စင် လျှောက်ထားရန်အတွက် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြ၍ ဝန်ကြီးဌာနမှ စိစစ်ထားရှိပြီးသော ကုမ္ပဏီများအား နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီထံသို့ တင်ပြ၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာ ကုမ္ပဏီလုပ်ငန်းရှင်များ လုပ်ငန်းကြန့်ကြာမှုမရှိစေရေးနှင့် အများပြည်သူ သုံးစွဲသူများ ကုန်ပစ္စည်းပြတ်လပ်မှုမရှိစေရေးအတွက် နိုင်ငံခြားငွေဝယ်ယူခြင်းမပြုဘဲ ကုမ္ပဏီအစီအစဉ်ဖြင့် တစ်ဖက်ကုန်ရောင်းသူသို့ ငွေလွှဲမည်ဆိုပါက ကုမ္ပဏီဒါရိုက်တာကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ဝန်ခံကတိပြုစာဖြင့် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များ အသင်းသို့ တင်ပြရမည်ဖြစ်သည်။

ထို့နောက် အသင်းက နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီသို့ တင်ပြထားရှိပြီး နိုင်ငံခြား ငွေဝယ်ယူခြင်းမပြုသော ကုမ္ပဏီစာရင်းအား စိစစ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနသို့ စာရင်းပြုစုတင်ပြမည်ဖြစ်ကာ စိစစ်ပေးပို့ထားသည့် ကုမ္ပဏီများအား ကုန်ပစ္စည်းရောက်ရှိကြောင်း အထောက်အထားတင်ပြရန်မလိုဘဲ သွင်းကုန်လိုင်စင် ခွင့်ပြုပေးမည်ဖြစ်သည်။ နိုင်ငံခြားငွေ ဝယ်ယူခွင့်ရယူ၍ သွင်းကုန်လိုင်စင်လျှောက်ထားလိုသော ကုမ္ပဏီများအတွက်လည်း လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုရိုး**

## တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးနှုန်းများ

**ရန်ကုန် ဩဂုတ် ၄**

ယခုသီတင်းပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်၌ ဆန်၊ အာလူး၊ ငရုတ်ဈေးနှုန်းများ အနည်းငယ် မြင့်တက်လာခဲ့သည်။ ပဲစင်းငုံနီမှာ တစ်ပတ်အတွင်း ကျပ် ၈၀၀၀၀ မြင့်တက်လာပြီး ကြက်သွန်နီ အဝင်များ၍ ဈေးကျလာသည်ကို မြင်တွေ့ရသည်။

### ဆန်

ဆန်ဈေးနှုန်းများ အတက်ကြမ်းလာခဲ့ပြီး ဩဂုတ် ၄ ရက် ပေါ်ဆန်းလက်ကားဈေးများမှာ ရွှေဘိုကျပ် ၇၃၀၀၀–၈၀၀၀၀–၈၇၀၀၀၊ ပုသိမ်–မြောင်းမြ ကျပ် ၅၈၀၀၀–၆၁၀၀၀ ရှိပြီး ရက် ၉၀ ဆန်ကြမ်းရှယ် ကျပ် ၃၈၅၀၀–၄၀၀၀၀ နှုန်းရှိလာခဲ့သည်။ သို့ဖြစ်ရာ ဆန်စပါးအသင်းက ဝါးတန်းကုန်စည်ဒိုင်၌ ဩဂုတ် ၃ ရက်မှစတင်၍ စားသုံးသူများကို သက်သာသောဈေးနှုန်းဖြင့် တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်နှုန်း ရောင်းချပေးလျက်ရှိသည်။ ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းတစ်အိတ် ကျပ် ၇၅၀၀၀– ၇၇၀၀၀၊ ဧရာဝတီပေါ်ဆန်း ကျပ် ၅၂၀၀၀–၅၅၀၀၀၊ ကြားပျံ ကျပ် ၅၅၀၀၀–၆၀၀၀၀ နှင့် ရက် ၉၀ ဆန်ကြမ်းမှာ တစ်အိတ်ဈေးနှုန်း ကျပ် ၃၅၀၀၀–၃၇၀၀၀ ဖြစ်သည်။

### ဆီ

ရန်ကုန်အထိုင် ရည်ညွှန်းလက်ကားဈေးစားအုန်းဆီတစ်ပိဿာ ကျပ် ၃၅၂၅ နှုန်းဖြင့် ဩဂုတ် ၁ ရက်မှ ၇ ရက်အတွင်း ရောင်းချပေးနေကြောင်း သိရသည်။ ရန်ကုန် ပြင်ပဆီဈေးကွက်တွင်မူ လက်ကားအလှယ်/လက်ငင်းဆီ ပီပါဈေး တစ်ပိဿာ ကျပ် ၈၅၀၀ ဝန်းကျင်ရှိနေဆဲဖြစ်သည်ကို မြင်တွေ့ရသည်။ ၁၈ လီတာဝင် ပုံးဝါဆီနှင့် သံပုံးဆီများမှာမူ ဆီအသားတင်ပိဿာ အချိန် ၁၀ လျှင် ငွေကျပ် ၈၆၀၀၀ ရှိကြောင်း သိရသည်။

### မတ်ပဲနှင့် ပဲစင်းငုံ

ဇူလိုင် ၂၈ ရက်တွင် မတ်ပဲ RC တစ်တန် ကျပ် ၁၆၄၅၀၀၀ နှုန်း၊ ပဲစင်းငုံနီ RC တစ်တန် ကျပ် ၁၄၈၅၀၀၀ နှုန်းရှိရာမှ ဩဂုတ် ၃ ရက်တွင် မတ်ပဲ RC တစ်တန် ကျပ် ၁၆၄၀၀၀၀၊ ပဲစင်းငုံနီ RC တစ်တန် ကျပ် ၁၅၆၇၅၀၀ နှုန်းရှိလာသည်။ ပဲစင်းငုံနီမှာ တစ်ပတ်အတွင်း တစ်တန်လျှင် ကျပ်ရှစ်သောင်းအထိ ဈေးမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

### ကြက်သွန်နီ/ဖြူ

ယခုသီတင်းပတ်အတွင်း ကြက်သွန်နီအဝင်များကာ ဈေးနှုန်းကျလာသည်။ ဩဂုတ် ၃ ရက်တွင် ဆိပ်ဖြူ ကျပ် ၁၃၅၀–၁၆၅၀–၁၈၅၀–၁၉၅၀၊ မုံရွာ ကျပ် ၁၄၀၀–၁၈၀၀–၁၉၀၀–၂၀၀၀ နှုန်းသာ ရှိတော့ကြောင်း ကုန်သည်များထံမှ သိရသည်။ ယခုအပတ်အတွင်း ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီ နေ့စဉ်အဝင်ပျမ်းမျှ ပိဿာ ကျပ် ၁၆၀၀၀၀ ရှိနေသည်ဟု သိရသည်။ ရှမ်းအောင်ပန်း ကြက်သွန်ဖြူလက်ကား တစ်ပိဿာဈေးမှာ ဩဂုတ် ၃ ရက်တွင် ကျပ် ၂၀၀၀–၂၆၀၀–၃၁၅၀–၃၆၀၀ နှင့် ကြူကုတ် တစ်ပိဿာ ကျပ် ၃၂၀၀ နှုန်းရှိသည်။

### အာလူး

အလုံးကြီး အရွယ်အစားအာလူးများနှင့် တရုတ်အာလူးများ ဈေးတက်လာသည်။ ဩဂုတ် ၃ ရက်က ရှမ်းအောင်ပန်း အာလူး ကျပ် ၁၀၀၀–၁၃၀၀–၁၆၀၀–၁၇၅၀–၁၈၅၀၊ တရုတ် ကျပ် ၁၉၀၀ နှုန်းရှိလာသည်။

**အောင်ခင်နိုင်**

# ကုန်ဈေးနှုန်းကြီးမြင့်ခြင်းတို့ကြောင့် စားနပ်ရိက္ခာတင်သွင်းသည့်နိုင်ငံများ အခက်ကြုံ

ယူကရိန်းစစ်ပွဲကြောင့် ယူကရိန်းမှ ကောက်ပဲသီးနှံတင်ပို့မှု လပေါင်းများစွာ ရပ်တန့်သွားပြီးနောက် ယခုလ ၁ ရက်တွင် ယူကရိန်းနိုင်ငံ Odessa ဆိပ်ကမ်းမှ ပထမဆုံး ကောက်ပဲသီးနှံတင်ပို့သည့် သင်္ဘောထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံသည် ကောက်ပဲသီးနှံနှင့် နေကြာထုတ်ကုန်များကို အဓိကတင်ပို့သူဖြစ်ရာ စစ်ပွဲကြောင့် ကမ္ဘာ့ဈေးကွက်အတွင်း မဝင်ရောက်နိုင်တော့ဘဲ ဈေးနှုန်းများမြင့်တက်မှုဖြစ်စေပြီး သယ်ယူပို့ဆောင်ရေးအခက်အခဲကြောင့် ကမ္ဘာ့နိုင်ငံအချို့တွင် စားနပ်ရိက္ခာအတွက် အခက်ကြုံလာမည်ကို စိုးရိမ်မှုများဖြစ်ပေါ်ခဲ့ရသည်။

ထို့အတူ နိုင်ငံရေးပဋိပက္ခများနှင့် ကုန်ဈေးနှုန်းများမြင့်တက်လာခြင်း စသည်တို့ကြောင့် နိုင်ငံအတော်များများတွင် မိမိနိုင်ငံ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် စားသောက်ကုန်အချို့နှင့် ဓာတ်မြေဩဇာ ထုတ်ကုန်များ တင်ပို့မှုကို ရပ်ဆိုင်းခဲ့ကြသည့်အတွက် ကမ္ဘာ့ဈေးကွက်တွင် စားနပ်ရိက္ခာရရှိနိုင်မှု ဂယက်ရိုက်ခတ်လာခဲ့သည်။

**တင်ပို့မှုတားမြစ်ကန့်သတ်ချက်များ**

စားနပ်ရိက္ခာနှင့် ဓာတ်မြေဩဇာတင်ပို့မှု ကန့်သတ်ချက်များအပေါ် နိုင်ငံတကာစားနပ်ရိက္ခာမူဝါဒဆိုင်ရာ သုတေသနအဖွဲ့၏ ခြေရာခံစိစစ်လေ့လာချက်အရ နိုင်ငံပေါင်း ၂၀ သည် စားသောက်ကုန်တင်ပို့မှု တားမြစ်ထားပြီး နိုင်ငံခြောက်နိုင်ငံသည် တင်ပို့မှုကို ပြင်းထန်စွာ ကန့်သတ်ထားသည်။ ယင်းသို့ တားမြစ်ချက်များ၊ ကန့်သတ်ချက်များကြောင့် အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများတွင် အများဆုံး ခံစားကြရသည်။

ဥပမာ ကာဇက်စတန်နိုင်ငံသည် ကောက်ပဲသီးနှံ အဓိကထုတ်လုပ်သူဖြစ်ပြီး ယခုအခါ နိုင်ငံအကျိုးအတွက် အကာအကွယ်ဖြစ်စေမည့် တင်ပို့မှုတင်းကျပ်သည့်မဟာဗျူဟာကို ကျင့်သုံးနေ၍ အာရှအလယ်ပိုင်းနိုင်ငံများကို ထိခိုက်စေခဲ့ပြီး ရုရှားနှင့် ယူကရိန်းနိုင်ငံတို့ထံမှ ကောက်ပဲသီးနှံများ ဝယ်ယူသည့်နိုင်ငံများဖြစ်သော အာဖရိကမြောက်ပိုင်းဒေသရှိနိုင်ငံများနှင့် ကော့ကေးဆပ်ဒေသနိုင်ငံများသည်လည်း စားနပ်ရိက္ခာလောက်ငမှုမရှိသည့် အခြေအနေဖြစ်သကဲ့သို့ ကမ္ဘာ့ဈေးကွက်တွင်လည်း ထိခိုက်မှုရှိနေကြသည်။

## ယူနန်ပြည်နယ်၌ လျှပ်စစ်စွမ်းအင်အသုံးပြုမှု ၅၂ ရာခိုင်နှုန်း တိုးတက်လာ

တရုတ်နိုင်ငံအနောက်ပိုင်း ယူနန်ပြည်နယ်သည် ယခုနှစ် ပထမနှစ်ဝက်အတွင်း နိုင်ငံအတွင်း အဓိက ဓာတ်အားသုံးစွဲမှု အချက်အချာနေရာများသို့ သန့်ရှင်းသောစွမ်းအင် ကီလိုဝပ်နာရီ ၇၅ ဒသမ ၈ ဘီလီယံကျော် ပေးပို့ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၅၂ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်ဟု China Southern Power Grid မှ ပြောကြားခဲ့သည်။

လျှပ်စစ်ဓာတ်အား အားလုံးကို သန့်ရှင်းသော စွမ်းအင်အရင်းအမြစ်များမှ ထုတ်ယူခြင်းဖြစ်ပြီး အများအားဖြင့် ရေအားလျှပ်စစ်မှ ထုတ်လုပ်သည်ဟု သိရသည်။ နိုင်ငံအတွင်း ဧရိယာငါးခုဖြစ်သည့် ကွမ်းတုန်း၊ ယူနန်၊ ကွေ့ကျိုး၊ ဟိုင်နန်နှင့် ကွမ်ရှီးဒေသတို့ လွှမ်းခြုံပါဝင်ကြောင်း သိရသည်။ အနောက်မှအရှေ့သို့ လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်းစီမံကိန်းတွင် ဂွမ်ဒေါင်း-ဟောင်ကောင်-မကာအိုဂရိတ်ပင်လယ်အော်ဧရိယာလည်း ပါဝင်ကြောင်း ဖော်ပြထားသည်။



## အရည်အသွေးမီ ထုတ်ကုန်များတင်ပို့ရန် အလားအလာကောင်းသည့် ဂျာမနီ သစ်သီးဖျော်ရည်ဈေးကွက်

ဂျာမနီနိုင်ငံရှိ သစ်သီးအချိုရည် (Fruit Juice) လုပ်ငန်းသည် စားသောက်ကုန်လုပ်ငန်းများအနက် အရေးပါသော လုပ်ငန်းတစ်ခုဖြစ်ပြီး နှစ်ပေါင်းတစ်ရာကျော်အတွင်း ဖွံ့ဖြိုးတိုးတက်မှုရရှိနေသော လုပ်ငန်းကဏ္ဍတစ်ခုဖြစ်သည်။ နှစ်စဉ်အရောင်းဝင်ငွေသည် ၁၉၅၀ ပြည့်နှစ်က ယူရို ၀ ဒသမ ၀၂၆ ဘီလီယံရှိရာမှ ၂၀၂၁ ခုနှစ်တွင် ယူရို ၃ ဒသမ ၀၉ ဘီလီယံသို့ ရောက်ရှိခဲ့သည်။

၂၀၂၁ ခုနှစ်အတွင်း ထုတ်လုပ်သည့်လုပ်ငန်းပေါင်း ၃၁၁ ခုတွင် လုပ်သား ၇၅၀၀ ခန့်က သစ်သီးဝလံ ဟင်းသီးဟင်းရွက် တန်ချိန်ပေါင်း ၈၀၀၀၀၀ မှ စုစုပေါင်း သစ်သီးဖျော်ရည် လီတာ ၃ ဒသမ ၀၆ ဘီလီယံ ထုတ်လုပ်နိုင်ခဲ့သည်။ ဂျာမန်စားသုံးသူများသည် သစ်သီးအချိုရည်နှင့် ဖျော်ရည်စုံ သောက်သုံးလေ့ရှိကြပြီး လူတစ်ဦး ချင်းစားသုံးမှုမှာ ၂၀၂၁ ခုနှစ်တွင် ဂျာမန်၌ ၂၈ ဒသမ ၅ လီတာ၊ အမေရိကန်၌ ၂၂ ဒသမ ၈ လီတာနှင့် ပိုလန်၌ ၂၁ ဒသမ ၉ လီတာရှိသည်။

ဂျာမန်သစ်သီးဖျော်ရည်စက်ရုံအသင်းသည် ဖျော်ရည်ထုတ်လုပ်သည့်လုပ်ငန်းများ အကျိုးစီးပွားအတွက် နိုင်ငံတွင်းနှင့် နိုင်ငံတကာအဆင့် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးနေပြီး လုပ်ငန်းပေါင်း ၁၈၅ ခုကို တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ကာ ၁၄၁ ခုကို ဒေသအလိုက် အသင်းအဖွဲ့လေးခုမှတစ်ဆင့် ဆောင်ရွက်လုပ်ကိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သစ်သီးဝလံ ဟင်းသီးဟင်းရွက်များ ပေါကြွယ်ဝခြင်းကြောင့် အရည်အသွေးမီ အချိုရည်နှင့် ဖျော်ရည်များ ထုတ်လုပ်တင်ပို့ရန် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပို့ကုန်ဝင်ငွေတိုးမြှင့်နိုင်မည်ဖြစ်ကြောင်း ဘာလင်မြို့မှ မြန်မာစီးပွားရေးသံမှူးက အကြံပြုရေးသားထားသည်။

## စိုက်ပျိုးရေးအခြေခံစားသောက်ကုန်လုပ်ငန်းများ၏ အလားအလာ



စိုက်ပျိုးရေးထုတ်ကုန်နာနတ်သီး အခြေခံစားသောက်ကုန်ထုတ်လုပ်ငန်းတစ်ခု။

စိုက်ပျိုးရေး အခြေခံစားသောက်ကုန်များ ထုတ်လုပ်ရောင်းချမှုသည် ကမ္ဘာ့လူဦးရေတိုးမြင့်လာသည်နှင့်အမျှ အလားအလာကောင်းသော ကဏ္ဍတစ်ခုဖြစ်လာပြီး ဝယ်လိုအားလည်း မြင့်တက်လာလျက်ရှိသည်။ လယ်ယာထွက်ကုန်များ စတင်ထုတ်လုပ်သည်မှ ဈေးကွက်အတွင်း အသင့်စားသုံးနိုင်သော အစားအစာများ ဖြန့်ဖြူးရောင်းချသည်အထိ အဆင့်တိုင်းတွင် မူဝါဒ၊ ဈေးကွက်ယှဉ်ပြိုင်မှု၊ ထုတ်ကုန်အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ စားသုံးသူအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့ကိုပါ ထည့်သွင်းစဉ်းစား၍ ထုတ်လုပ်ရောင်းချရန် လိုအပ်ကြောင်း Myantrade ၏ဆောင်းပါးရှင် လဲ့လဲ့နှင်းက ဘာသာပြန်ဆိုဖော်ပြထားသည်။

**ဝယ်လိုအားမြင့်တက်လာလျက်ရှိ**

ဝယ်လိုအားတည်ငြိမ်သော စားသောက်ကုန် ဈေးကွက်သည် မူဝါဒအပြောင်းအလဲများ၊ နိုင်ငံရေးမတည်ငြိမ်မှု၊ နိုင်ငံခြားငွေလဲလှယ်မှုနှင့် ငွေကြေးဈေးကွက် မတည်ငြိမ်မှုများကြောင့် ဆိုးရွားစွာမထိခိုက်ဘဲ စားသုံးသူများ၏ သုံးစွဲမှုနှုန်း (Consumers Spending) မြင့်မားလေ့ရှိသော ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စိုက်ပျိုးရေးကဏ္ဍသည် ကပ်ရောဂါကာလများတွင် ထုတ်လုပ်မှုကျဆင်းခဲ့သော်လည်း အချိန်တိုအတွင်း ပြန်လည်နာလန်ထူနိုင်ခဲ့ပြီး ကမ္ဘာတွင် အော်ဂဲနစ်အစားအစာများ၏ ဝယ်လိုအားသည် မြင့်တက်လာလျက်ရှိသည်။

လယ်ယာထွက် စားသောက်ကုန်များအနက် အဖျော်ယမကာထုတ်လုပ်သည့် ကုမ္ပဏီများ၏ အမြတ်ရရှိမှု မြင့်မားလျက်ရှိသည်။ ယခုကဏ္ဍအတွက် အဓိက စိန်ခေါ်မှုများမှာ ကမ္ဘာ့ဈေးကွက် လိုအပ်ချက်အလိုက် ထုတ်လုပ်နိုင်ရန် လိုအပ်ပြီး ဈေးကွက်အတွင်း ယှဉ်ပြိုင်သူ၊ ထုတ်ကုန်အမျိုးအစား၊ စားသုံးသူ၏အကြိုက်၊ ရွေးချယ်မှုနှင့် မျှော်မှန်းချက်များအလိုက် အရသာနှင့် အနံ့များ၊ ထုပ်ပိုးမှုပုံစံများမှ ကြော်ငြာမိတ်ဆက်ပုံအထိ အရေးပါသောအချက်များကို ဖြည့်ဆည်းပေးနိုင်ရန်ပင် ဖြစ်သည်။

စိုက်ပျိုးရေးအခြေခံ ဒေသစားသောက်ကုန်များကို ဦးစားပေး ဝယ်ယူလာကြသည့်အတွက် ထုတ်ကုန်အသစ်များ တိုးမြှင့်ထုတ်လုပ်ရန်လိုအပ်လာပြီး ထိုသို့ပြောင်းလဲထုတ်လုပ်မှုများတွင် လုပ်သားအင်အားရှားပါးခြင်း၊ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရမှုများပြားခြင်း၊ မတူကွဲပြားသည့် ထုပ်ပိုးမှုနှင့် ထုတ်ကုန်သစ်များ ဖန်တီးဆန်းသစ်ရခြင်း၊ မဟာဗျူဟာကျသည့် နည်းလမ်းများဖြင့် ဖြန့်ဖြူးရခြင်း၊ ဈေးနှုန်းလျှော့၍ ယှဉ်ပြိုင်ရမည့်အချိန်တွင် သယ်ယူပို့ဆောင်မှုစရိတ်မြင့်မားလာခြင်းစသည့် အခက်အခဲများကို ကြုံတွေ့လာနိုင်သည်ကိုလည်း သတိချပ်ရမည် ဖြစ်ပါသည်။

ထို့အတူ ဈေးကွက်တွင်း ကုန်စည်ဖြန့်ဖြူးရောင်းချနိုင်ရန်နှင့် စားသုံးသူထံအရောက် ဖြည့်ဆည်းရာတွင် Department Stores၊ Supermarket၊ Malls စသည့် လက်လီအရောင်းဆိုင်များကိုသာ အားထားလျက်ရှိသဖြင့် ထိုထက်ပို၍ လက်လီအရောင်းအော့ဖ်လိုင်း (Offline Retail) ကို သာမက အင်တာနက်ပေါ်တွင် ပေါ်ထွက်လာသော စီးပွားရေးပုံစံသစ်များမှ တစ်ဆင့်လည်း ဖြန့်ဖြူးရောင်းချနိုင်ပြီးတို့ကဲ့သို့ ဆိုရှယ်မီဒီယာနှင့် ကွန်ရက်များ၊ အပလီကေးရှင်းနှင့် ဘလော့ဂ်များအသုံးပြု၍ ထုတ်ကုန်မိတ်ဆက်ဖြန့်ဖြူးခြင်းကိုလည်း အသုံးပြုနိုင်သည်။

**အဆင့်တိုင်းတွင် အစားအစာဘေးကင်းရေး**

စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်များ ထုတ်လုပ်ရာတွင် အသုံးပြုသည့်ပိုးသတ်ဆေးများ၏ သက်ရောက်မှု၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုစသည့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ခြေများကိုလည်း ထည့်သွင်းစဉ်းစားကြရမည် ဖြစ်ပါသည်။ ထို့အတူ ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချရာတွင် ပြောင်းလဲနေသည့် ဝယ်လိုအားနှင့် ရောင်းလိုအားအလိုက် အစားအသောက်ပြုပြင်ထုတ်လုပ်၊ ပြင်ဆင်ဖြန့်ဖြူးစသည့် အဆင့်တိုင်းတွင် အစားအစာဘေးကင်းရေး၊ သက်ဆိုင်ရာနိုင်ငံအလိုက် FDA ခွင့်ပြုချက်ရရှိရေး၊ နည်းစနစ်မှန်ကန်စွာ ထုတ်လုပ်၊ ထုပ်ပိုး၊ သိုလှောင်၊ ပို့ဆောင်ခြင်းများဖြစ်စေရန် အလေးထားရမည် ဖြစ်ပါသည်။

ဈေးကွက်အတွင်း အသင့်စားသုံးနိုင်သော အစားအစာများ ဖြန့်ဖြူးရောင်းချရာတွင်မူ အစားအသောက်ဘေးကင်းရေးဆိုင်ရာ တင်းကျပ်သော စည်းမျဉ်းများကို လိုက်နာရန် ထုတ်လုပ်သူကုမ္ပဏီများအနေဖြင့် လိုအပ်ပါသည်။ ကပ်ရောဂါကာလအတွင်း အချိုရည်များ၊ အဖျော်ယမကာများ အဓိကရောင်းချခဲ့ရပြီး ရောဂါထိန်းချုပ်ရန်နှင့် တားဆီးကာကွယ်ရန် ပိတ်ပင်ထားသော စီးပွားရေးလုပ်ငန်းများတွင် လက်လီကုန်စုံဆိုင်များ မပါဝင်သည့်အတွက် အဖျော်ယမကာထုတ်ကုန်များရောင်းအားသည် သိသိသာသာ မြင့်တက်ခဲ့သည်။ ခွင့်ပြုထားသော အဖျော်ယမကာ ထုတ်ကုန်များအတွက် အစားအသောက်ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်းများကို မဟာဗျူဟာကျကျ ဆောင်ရွက်နိုင်မည်ဆိုပါက ဈေးကွက်တည်မြဲရေးအတွက် အထောက်အကူပြုမည် ဖြစ်ပါသည်။ အစားအသောက်ကုန်စည်များထက် ဝိုင်ကဲ့သို့ ခံစားမှုအခြေခံပြီး လူနေမှုအဆင့်အတန်းကို ဖော်ပြပေးနိုင်သော အဖျော်ယမကာ ထုတ်ကုန်များကို ပိုမိုဝယ်ယူလာကြသည့်အတွက် အကျိုးအမြတ်ရရှိရန် အလားအလာကောင်းသည့် ဈေးကွက်တစ်ခုအဖြစ် တွေ့မြင်ရပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

❍ *ကျောဖုံးမှ*

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် တရားခံ **နိုင်အောင်ထွန်း (ခ) ဒဿ၊ ရဲဇော်လင်း(ခ)စကိတ်၊ အောင်ကိုကို** နှင့် ဖမ်းဆီးရန်ကျန် တရားခံ **စိုးမင်းစံ၊ ချစ်ဖြိုးဝေ(ခ)ဆံရှည်** တို့ ငါးဦးသည် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ကျေးရွာနေ NLD ရပ်/ကျေးဥက္ကဋ္ဌ တရားခံပြေး **အုန်းဇော်မြင့်** ၏ ချိတ်ဆက်ပေးမှုဖြင့် KNLA တပ်မဟာ(၆)နယ်မြေ၌ အကြမ်းဖက်ဖောက်ခွဲရေး သင်တန်း တစ်လ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အကြမ်းဖက် သင်တန်းဆင်းပြီးနောက် **နိုင်အောင်ထွန်း(ခ) ဒဿ၊ ရဲဇော်လင်း(ခ) စကိတ်၊ အောင်ကိုကို၊ စိုးမင်းစံ၊ ချစ်ဖြိုးဝေ(ခ)ဆံရှည်** တို့သည် NLD ရပ်/ကျေးဥက္ကဋ္ဌ တရားခံပြေး **အုန်းဇော်မြင့် နှင့် တင်ကိုကို** တို့၏ စီစဉ်ပေးမှုဖြင့် မှော်ဘီမြို့နယ် ရွှေမြယာ ကျေးရွာအုပ်စု (၁) ရပ်ကွက် နှင်းဆီလမ်းရှိ နေအိမ်တစ်လုံးကို ငှားရမ်းနေထိုင်ကာ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ အုပ်ချုပ်ရေးယန္တရား၏ အဓိက ဒေါက်တိုင်ဖြစ်သော ရပ်/ကျေးအဆင့် အုပ်ချုပ်ရေးမှူးများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ အပြစ်မဲ့ ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ အကြမ်းဖက် လုပ်ကြံသတ်ဖြတ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက် ညနေပိုင်းတွင် NLD ရပ်/ကျေးဥက္ကဋ္ဌ တရားခံပြေး **အုန်းဇော်မြင့်** ခေါင်းဆောင်၍ **ဇေယျာဝင်း၊ နိုင်အောင်ထွန်း(ခ) ဒဿ၊ အောင်ကိုကို**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **စိုးမင်းစံ၊ ချစ်ဖြိုးဝေ(ခ)ဆံရှည်** တို့ ခြောက်ဦးသည် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ထွန်းနှင့် ဇနီးဖြစ်သူ ဒေါ်ဟေမာလွင်တို့အား ကလေးများ ကျောင်းပို့ချိန်တွင် လုပ်ကြံသတ်ဖြတ်ရန် Signal မှတစ်ဆင့်တွေ့ဆုံ၍ လုပ်ကြံရေး အစီအစဉ်များ ရေးဆွဲခဲ့ပြီး အောက်ပါအတိုင်း တာဝန်ခွဲဝေခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- **နိုင်အောင်ထွန်း(ခ) ဒဿ**က အုပ်ချုပ်ရေးမှူး၏ ဇနီးအား ပစ္စတိုဖြင့် ပစ်ခတ်သတ်ဖြတ်ရန်။
- **စိုးမင်းစံ** က အုပ်ချုပ်ရေးမှူးအား ပစ္စတိုဖြင့် ပစ်ခတ်သတ်ဖြတ်ရန်။
- **ဇေယျာဝင်း**က အုပ်ချုပ်ရေးမှူး၏ မော်တော်ယာဉ်အား ရပ်တန့်ရန်အတွက် လက်လုပ်မိုင်းဖြင့် ပစ်ခတ်ဖောက်ခွဲရန်နှင့် လုပ်ကြံသတ်ဖြတ်ပြီးပါက မော်တော်ယာဉ်အား Remote လက်လုပ်မိုင်းဖြင့် ဖောက်ခွဲရန်။
- **ချစ်ဖြိုးဝေ (ခ) ဆံရှည်** က ဖုန်းဖြင့် မှတ်တမ်းတင်ရိုက်ကူးရန်။
- **အောင်ကိုကို** က အုပ်ချုပ်ရေးမှူး၏ နေအိမ်အား လက်လုပ်မိုင်းဖြင့် ပစ်ခတ်ဖောက်ခွဲရန်။

ဩဂုတ် ၂ ရက် နံနက် ၈ နာရီခန့်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့သည် ကလေးငယ်နှစ်ဦးကို ကျောင်းပို့ရန် မော်တော်ယာဉ်ဖြင့် ထွက်ခွာလာစဉ် အုပ်ချုပ်ရေးမှူး၏ နေအိမ်အနီး ကွမ်းယာဆိုင်ရှေ့၌ **ဇေယျာဝင်း** က မော်တော်ယာဉ်ရှေ့သို့ လက်လုပ်မိုင်းတစ်လုံး ပစ်ခတ်ဖောက်ခွဲ၍ ရပ်တန့်စေခဲ့ပြီး **နိုင်အောင်ထွန်း (ခ) ဒဿ** က ဒေါ်ဟေမာလွင် ကိုလည်းကောင်း၊ **စိုးမင်းစံ** က အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ထွန်းကို လည်းကောင်း ပစ္စတိုဖြင့် ငါးချက်စီ မသေမချင်း ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း၊ ထို့နောက် **ဇေယျာဝင်း**သည် ကားနောက်ခန်းတွင် လိုက်ပါလာသည့် ကလေးငယ်နှစ်ဦးကို အသက်ရှင်လျက်တွေ့ရှိရသောကြောင့် ရက်စက်ယုတ်မာသော အကြံအစည်ဖြင့် Remote လက်လုပ်မိုင်းတစ်လုံးအား ကားအတွင်း၌ ထား၍ ဖောက်ခွဲရန် စီစဉ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။ ထိုကဲ့သို့ ဖောက်ခွဲရန် စီစဉ်ခဲ့သော်လည်း ဖြစ်စဉ်ဖြစ်ပွားသည်နှင့် တစ်ပြိုင်နက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ကားအတွင်းမှ Remote လက်လုပ်မိုင်းအား သက်မဲ့ပြုလုပ်နိုင်ခဲ့သဖြင့် ကလေးငယ်နှစ်ဦးကို အချိန်မီကယ်တင်နိုင်ခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် **အောင်ကိုကို** က အုပ်ချုပ်ရေးမှူး၏ နေအိမ်အား လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ပြီး အဆိုပါလုပ်ကြံသတ်ဖြတ်မှုဖြစ်စဉ်ကို **ချစ်ဖြိုးဝေ(ခ)ဆံရှည်** က ဖုန်းဖြင့် မှတ်တမ်းတင်ရိုက်ကူးခဲ့ကာ ၎င်းတို့ ငှားရမ်းနေထိုင်သည့် နေအိမ်သို့ထွက်ပြေးတိမ်းရှောင်စဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ NLD ရပ်/ကျေးဥက္ကဋ္ဌ တရားခံပြေး **အုန်းဇော်မြင့်**၏ စေခိုင်းမှုဖြင့် မင်္ဂလာဒုံမြို့နယ်အတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှု နှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီး ကျေးရွာအုပ်စု မြရတနာရပ်ကွက် နှင်းဆီပတ်လမ်း၌ အုပ်ချုပ်ရေးမှူး ဦးနေလင်းနှင့် ရာအိမ်မှူး ဦးရဲသွင်တို့နှစ်ဦးကို **ဇေယျာဝင်း**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **အာကာဝင်း၊ မင်းမင်းဇော်၊ ကိုတူး(ခ)သားကြီး** တို့က ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ရာ ဦးနေလင်း သေဆုံးခဲ့ပြီး ဦးရဲသွင်မှာ ဒဏ်ရာ အပြင်းအထန်ရရှိခဲ့ကြောင်း။




- ဇွန် ၈ ရက်တွင် မင်္ဂလာဒုံမြို့နယ် ဂူကြီးကုန်းကျေးရွာရှိ ရွာလယ်လမ်းမပေါ်တွင် ဆိုင်ကယ် မောင်းနှင်လာသည့် **ကောင်းမြင့်ဝင်း(ခ) ကိုနီ** ကို ဒလန်ဟု စွပ်စွဲကာ **ဇေယျာဝင်း** နှင့် ဖမ်းဆီးရန်ကျန် တရားခံ **အာကာဝင်း** တို့က ဆိုင်ကယ်တစ်စီးဖြင့် အနောက်မှလိုက်၍ ပစ္စတိုဖြင့် ပစ်ခတ်ခဲ့ပြီး ဆိုင်ကယ် တိမ်းမှောက်စဉ် ကောင်းမြင့်ဝင်း (ခ) ကိုနီကို ဝါးရင်းတုတ်ဖြင့် မသေမချင်း ရိုက်သတ်ခဲ့ကြောင်း။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါအပြစ်မဲ့ ပြည်သူများအား လုပ်ကြံသတ်ဖြတ်ရန်အတွက် ကုန်းတလပေါင် ကျေးရွာ NLD ရပ်/ကျေးဥက္ကဋ္ဌ တရားခံပြေး **အုန်းဇော်မြင့်** က စေခိုင်းခဲ့ခြင်းဖြစ်ပြီး အုပ်ချုပ်ရေးမှူး ဦးနေလင်းကို လုပ်ကြံသတ်ဖြတ်မှုအတွက် ငွေကျပ် ၃၀၀၀၀၀၊ ကောင်းမြင့်ဝင်း(ခ) ကိုနီအား လုပ်ကြံသတ်ဖြတ်မှုအတွက် ငွေကျပ် ၅၀၀၀၀၀ နှင့် အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ထွန်းနှင့် ဇနီးဖြစ်သူ ဒေါ်ဟေမာလွင်တို့အား လုပ်ကြံသတ်ဖြတ်မှုအတွက် ငွေကျပ် ၁၂၀၀၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်းနှင့် လိုအပ်သည့် လက်နက်/ခဲယမ်းများကိုလည်း ငှားရမ်းပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**


မင်္ဂလာဒုံမြို့နယ်မှ ရာအိမ်မှူး ဦးရဲသွင်(ဒဏ်ရာအပြင်းအထန်ရရှိ)။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂ ရက်တွင် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့အား အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ


ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ထွန်း(သေဆုံး)


ဒေါ်ဟေမာလွင်(သေဆုံး)

ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့အား အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ






မင်္ဂလာဒုံမြို့နယ် ဂူကြီးကုန်းကျေးရွာမှ ကောင်းမြင့်ဝင်း(ခ)ကိုနီ(သေဆုံး)။


မင်္ဂလာဒုံမြို့နယ်မှ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနေလင်း(သေဆုံး)။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၈-၂၀၂၂ သောကြာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ ခုနှစ်၊ ဇူလိုင်လ)(စတုတ္ထပိုင်း)
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိပ်မက်'** (အပိုင်း-၄)
**၁၆:၃၅** လူငယ်ရေးရာအစီအစဉ်
**၁၇:၁၅** ASEAN Information Exchange Initiative Program 2022(Part-5)
**၁၇:၃၀** Weekly Sports Info
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ **'အချစ်ရဲ့ အိပ်မက်တန်ဖိုး'** (အပိုင်း-၆)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** **'ဝဏ္ဏဝင်သံစဉ်'** တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှု

**mitv**

**07:02** Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
**07:09** The Ornithologist: Dr. Thein Aung
**07:42** A Pilgrimage To Prominent Pagodas In Pakokku
**07:55** Dat Taw Gyaik Waterfall
**08:01** Myanmar Puppeteers (Ogre Dance)
**08:08** Myanmar Traditional Instruments (MYANMA OBOE)
**08:34** A Famous Festival & Its Fantastic Fair
**08:34** Myanmar Prehistory
**09:01** News
**09:26** Global Partnership for Brighter Future: Slovenia Pavilion at Expo 2020 Dubai
**09:33** Myanmar Paper Toys
**09:39** Moyingyi Wildlife Sanctuary

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
အိမ်နောက်ဖေးတွင်ဈေးဆိုင်တည်ခြင်း
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ယာတဲဆောက်ခြင်းနှင့်ပေါင်းမြက်ရှင်းလင်းခြင်း
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ရိုးရာကြက်သားမရမ်းပြားချက်
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
လှမ်းခဲ့ပါလေတောင်တို့မြေ
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ထင်းရှူးတန်းကရှိုက်ခံပန်း (ဇာတ်လမ်း)
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဒေသတစ်လွှာစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၈)
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ထမင်းဟင်းထုပ်
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ရိုးရာဝါးခမောက်လက်မှုပညာအမွေ
**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
မိရိုးဖလာသဘာဝမျှစ်ခြောက်လုပ်နည်း
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
မိတ္ထီလာကန်သို့အလည်တစ်ခေါက်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၉:၄၅** ကြံ့ဖတ်မှသည်ကုန်ချောနှစ်မျိုးဆီသို့
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၃:၃၀** နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'သူတစ်ပါးအငယ်ငဆောင်ခြင်း'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၆)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၅၀** တောင်သူအကျိုးရည်မျှော်ကိုး ဈေးနှုန်းချိုသာယုံကြည်အားမြေသြဇာ
**၀၇:၁၅** တောင်သူအကျိုးမြင့်ဖို့ရာ ရိတ်သိမ်းချိန်လွန်နည်းပညာ
**၀၈:၀၀** ကျေးလက်တွန်ရက်
**၀၈:၃၀** လေ့ကျင့်ခန်းသာအပန်းဖြေဆင်စခန်း
**၀၉:၂၅** မြန်မာ့မြေမှအလှသမြေ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၆-၈-၂၀၂၂ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၃၂) တွင် မိမိအနေဖြင့် အင်အားကြီးမား၍ မာန်တက်ကာ သူတစ်ပါးအပေါ် မောက်မာပါက မိမိမှာသာ ပျက်စီးစေတတ်ကြောင်းကို တင်ဆက်ထားသည့် “မောင်လူအေးနှင့် မန်ကျည်းပင်ကြီး” မျက်နှာဖုံးကာတွန်း၊ တောင်တက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို တင်ဆက်ထားသည့် “တောင်တက်ခြင်းရဲ့ အကျိုးကျေးဇူးများ” သုတဆောင်းပါး၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် “ရွှေသွေးတို့လက်ရာ” ကဏ္ဍ၊ အမည်နာမသည် အဓိကမဟုတ်ဘဲ အသုံးဝင်မှုကသာ အဓိကဖြစ်ကြောင်းကို တင်ဆက်ထားသည့် “မဆား” နှစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် မိဘတို့၏ ဆိုဆုံးမမှုကို နာခံရန်နှင့် အရာရာကို ဖွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားပါက အောင်မြင်နိုင်ကြောင်းကို ရေးသားထားသည့် “လွယ်လွယ်နဲ့မရနိုင်ဘူး” ဝတ္ထု၊ နေ့ရောညပါ ဂိမ်းကစားလွန်း၍ အာရုံကြောများချည့်နဲ့သွားသော ရန်ပိုင်စိုးအကြောင်းကို ဂရုပြုဖွယ် ရေးဖွဲ့ထားသည့် “ရန်ပိုင်စိုး” တစ်မျက်နှာကာတွန်း၊ အလှမာန်တက်ကာ မောက်မာလွန်းသော ရုပကလျာမင်းသမီးကို အမြင်မှန်ရရန် ပြုလုပ်ပေးခဲ့သော မဟာသိပ္ပတိုင်းပြည်မှ မင်းသားလေးအကြောင်းကို ရေးဖွဲ့ထားသည့် “ပညာရှိမင်းသားနဲ့ မာနရှင်မင်းသမီး” ပုံပြင်၊ ခူကောင်လေး၏ ဖွဲ့ကောင်းမှုကြောင့် အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ခွင့်ရရှိခဲ့ပုံကို အတုယူဖွယ် တင်ဆက်ထားသည့် “လုံ့လဝီရိယ” နှစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် အင်္ဂလိပ်စာ၏အသုံးဝင်ပုံကို သိရှိကာ ကြိုးစားသင့်ပုံကို ရေးဖွဲ့ထားသည့် “ဖိုးလပြည့်” နှစ်မျက်နှာကာတွန်း၊ မိတ်ဆွေနှစ်ဦးတွေ့ဆုံပြီး ပြန်ခါနီးတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နှုတ်ဆက်စကားပြောဆိုရာ၌ သုံးနှုန်းပြောဆိုပုံအချို့ကို တင်ဆက်ထားသည့် ဆရာ KML၏ “ရွှေသွေးစကားဝိုင်း” ကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




## မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄-၈-၂၀၂၂

**ရွှေ**

၄-၈-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၆၈၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၉၀ ကျပ် | ၂၀၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၄၅ ကျပ် | ၂၀၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၇၃၀ ကျပ် | ၁၇၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၉၅ ကျပ် | ၁၈၃၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၈၄ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၄၀ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၁ . ၃၁၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၇၇ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၄ . ၉၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၃ . ၈၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၂၅၂ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၂၀၀ | ၇၁၀၀ | ၅၉၉ | ၄၁၉၅၁၀၀ |
| MTSH | ၂၄၅၀ | ၂၅၀၀ | ၂၃၉၉ | ၆၀၅၃၁၀၀ |
| MCB | ၇၀၀၀ | ၇၀၀၀ | ၄ | ၂၈၀၀၀ |
| FPB | ၁၈၀၀၀ | ၁၇၅၀၀ | ၅၄ | ၉၄၆၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၁၆ | ၃၉၂၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီဋ္ဌေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်နိုင်ရန် ပြည်သူသို့ အသိပေးနှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံသည် အဓိက ပြတ်ရွေ့ကြောကြီး တစ်ခုဖြစ်သော စစ်ကိုင်းပြတ်ရွေ့နှင့် အခြားသော ငလျင်ပြတ်ရွေ့ကြောငယ်များ တည်ရှိနေသည့်အတွက် ငလျင်ဘေးအန္တရာယ်ကြီးမားသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

၂။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းနိုင်မှုမရှိသေးဘဲ နေ့၊ ည အချိန်မရွေး လှုပ်ခတ်နိုင်ပြီး အဖျက်စွမ်းအားကြီးမားသည့် ဘေးအန္တရာယ်တစ်ခုဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ငလျင်၏ သဘောသဘာဝများ၊ ငလျင်ကြောင့် အသက်အန္တရာယ်ကင်းရှင်းရေးအတွက် နေထိုင်ပြုမူရမည့် အသိပညာ၊ ဗဟုသုတများကို လေ့လာသိရှိထားရန်နှင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကြံပြုအပ်ပါသည်-

**ငလျင်မလှုပ်မီ သိရှိဆောင်ရွက်ထားရန်အချက်များ**

- အခန်းတိုင်းတွင် လုံခြုံသောနေရာကို သိရှိထားရမည်။ ခိုင်ခံ့သော စားပွဲခုံအောက်၊ ခုတင်အောက်၊ အခန်း၏ ထောင့်နေရာများ၊ အတွင်းနံရံ (သို့မဟုတ်) တိုင်နှင့်ကပ်လျက်နေရာ၊ တံခါးပေါင်အောက်စသည်ဖြင့် ကြိုတင်လေ့လာရွေးချယ်ထားသင့်ပြီး အဆိုပါ လုံခြုံမှုရှိနိုင်သောနေရာများသို့ ဝင်ရန်၊ အကာအကွယ်ယူရန် လေ့ကျင့်ထားပါ။
- အဆောက်အအုံများအတွင်း ပြတင်းပေါက်များ၊ မှန်များ၊ တွဲလောင်းချိတ်ထားသော ပစ္စည်းများ၊ မြင့်သော/ ယိုင်လဲနိုင်သော ပရိဘောဂများ၊ ပစ္စည်းများစွာတင်ထားသော စင်များစသည့် အန္တရာယ်ရှိနိုင်သော နေရာများကို သိရှိထားပါ။
- အဆောက်အအုံအတွင်းမှ ထွက်ပြေးရန် လမ်းကြောင်းများ၊ အရန်လမ်းကြောင်းများ၊ အရေးပေါ်ထွက်ပေါက်များကို ကြိုတင်လေ့လာသိရှိထားပါ။
- လျှပ်စစ်မိန်းခလုတ်ချခြင်း၊ ဓာတ်ငွေ့အိုးများ/ ပိုက်များ ပိတ်ခြင်းတို့ကို စမ်းသပ်လေ့ကျင့်ထားပါ။
- လေးလံသည့် ဗီရိုကြီးများ၊ အခြားပရိဘောဂများကို ယိုင်လဲပြီး ထိခိုက်မှုမဖြစ်စေရန် နံရံများနှင့် တွဲကပ်ထားပါ။ ကြီးမားလေးလံသည့် ပစ္စည်းများ၊ ကွဲတတ်သောပစ္စည်းများကို အနိမ့်ပိုင်းတွင်ထားရှိခြင်းဖြင့် ပြုတ်ကျခြင်း၊ ထိခိုက်နိုင်ခြင်းတို့မှ ကာကွယ်ပါ။ ပန်းချီကားကြီးများ၊ ကြည့်မှန်ကြီးများ စသည့် လေးလံသည့်ပစ္စည်းများကို အိပ်ရာ၊ ခုံတန်းရှည်စသည့် လူနေထိုင်လဲလျောင်းရာ နေရာတို့နှင့် ဝေးရာတွင် ချိတ်ပါ။
- အရေးကြီးစာရွက်စာတမ်းများ၊ အရေးပေါ်အစားအစာ၊ သောက်ရေ၊ ဓာတ်မီး၊ ဓာတ်ခဲ၊ ရေဒီယို၊ ရှေးဦးသူနာပြုပစ္စည်းများ၊ ဆေးဝါးစသည့် အရေးပေါ်သုံးပစ္စည်းများ ကြိုတင်စုစည်း၍ အဆင်သင့်ထားရှိပါ။

**ငလျင်လှုပ်နေစဉ် ဆောင်ရွက်ရန်အချက်များ**

- ကြောက်ရွံ့ထိတ်လန့်မှု မဖြစ်ပါနှင့်၊ သတိရှိပါ၊ တည်ငြိမ်မှုရှိပါ။
- အဆောက်အအုံထဲတွင် ရှိနေပါက အထဲတွင်သာနေပါ။ အပြင်တွင်ရောက်ရှိနေပါက အပြင်တွင်သာ ဆက်၍နေပါ။ ထိခိုက်မှုအများစုသည် ငလျင်လှုပ်စဉ် အဆောက်အအုံအတွင်းမှ ထွက်ပြေးခြင်း၊ အတွင်းသို့ ပြေးဝင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။
- ငလျင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန်ထိုင်ချပါ။ ဦးခေါင်းကို ဦးစားပေး အကာအကွယ်ယူပါ။ အခိုင်အမာဆုံး နေရာကို မြဲမြံစွာ ကိုင်ထားပါ။
- မီးဖိုအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးခလုတ်များပိတ်ပါ။ မီးတောက်ကို ငြှိမ်းပါ။
- အဆောက်အအုံမှ ထွက်ခွာရမည်ဆိုပါက စနစ်တကျထွက်ခွာပါ။ အလောတကြီး ပြေးထွက်ခြင်းသည် ပို၍အန္တရာယ်များနိုင်သည်။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။ ရိုးရိုးလှေကားမှ ဆင်းပါ။ အထပ်မြင့်အဆောက်အအုံများမှ ခုန်မချပါနှင့်။
- အဆောက်အအုံပြင်ပတွင် ဖြစ်နေပါက အဆောက်အအုံများ၊ သစ်ပင်များ၊ ဆိုင်းဘုတ်များ၊ ဓာတ်ကြိုးများ၊ ဓာတ်တိုင်များ၊ တံတားများ၊ တောင်စောင်းများ၊ မြစ်ကမ်းများအနီးမှ ရှောင်ရှားနေထိုင်နေပါ။ ကွင်းပြင်များတွင် နေပါ။
- ဆိုင်ကယ်၊ ကား မောင်းနေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။
- ပင်လယ်ကမ်းစပ်များတွင် နေထိုင်သူများအနေဖြင့် ဆူနာမီအန္တရာယ်ကို သတိပြုပါ။

**ငလျင်လှုပ်ပြီးနောက် ဆောင်ရွက်ရန်အချက်များ**

- မိမိတို့နေထိုင်ရာ အိုးအိမ်၊ အဆောက်အအုံများတွင် အက်ကွဲကြောင်းများ ဖြစ်ပေါ်ခြင်း ရှိ/မရှိ၊ ယိုင်နဲ့ခြင်း ရှိ/မရှိ စစ်ဆေးပါ။ ထိုသို့ ဖြစ်ပေါ်နေပါက ထိုနေရာများမှ ခေတ္တရှောင်ရှားနေထိုင်ပါ။
- လျှပ်စစ်မီးကြိုးများကို စစ်ဆေးပါ။ ပြုတ်ကျ/ ပြတ်ကျနေသော လျှပ်စစ်မီးကြိုးများကို မကိုင်ပါနှင့်၊ သက်ဆိုင်ရာသို့ သတင်းပို့ပါ။
- ငလျင်ကြီးလှုပ်ပြီးနောက် ငလျင်လတ်နှင့် ငလျင်ငယ်များသည် နာရီပိုင်း၊ ရက်ပိုင်း၊ သီတင်းပတ်ပိုင်းမှသည် လပိုင်းအထိ ဆက်လက်ဖြစ်ပွားနိုင်ပြီး ကွဲအက်ချည့်နဲ့သွားသော တိုက်တာအဆောက်အအုံများ၊ လမ်း၊ တံတားများသည် နောက်ဆက်တွဲ မြေငလျင်များကြောင့် ထပ်မံပျက်စီး ပြိုကျတတ်ကြောင်း သတိပြုပါ။
- မီးလောင်ခြင်း၊ ရေကာတာကြီးများ ကျိုးပျက်၍ ရေလွှမ်းခြင်း၊ တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ ဆူနာမီရေလှိုင်းများ ရိုက်ခတ်ခြင်းများ စသည့် နောက်ဆက်တွဲအန္တရာယ်များကို သတိပြုပါ။

၃။ ပြည်သူလူထုအနေဖြင့် ကြိုတင်မသိရှိနိုင်ဘဲ အချိန်မရွေးလှုပ်ခတ်နိုင်သည့် ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ အချိန်တိုင်းတွင် ဂရုပြုနေထိုင်ကြပါရန်၊ ပြည်သူအထိတ်တလန့် ဖြစ်စေမည့် ကောလာဟလသတင်းများကို ဖြန့်ဝေခြင်းမပြုကြပါရန်၊ မယုံကြည်ပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်သတင်းရယူ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

### မြန်မာနိုင်ငံ၏ ငလျင်ဇုန်များပြမြေပုံ




Probabilistic Seismic Hazard Map (PSHA Map) of Myanmar shown with expected peak ground acceleration (PGA) values (in g) with 100% probability in 500 years, and in MM classes

### ငလျင်ပြင်းအားများ

| ငလျင်ပမာဏ ရစ်ချ်တာစကေး | သက်ရောက်မှုရှိနိုင်ခြေ |
|---|---|
| ၂ အထက် | မသိသာသော အခြေအနေဖြစ်ပါသည်။ |
| ၂ နှင့် ၄ ကြား | လူအချို့သတိထားမိသည့် အခြေအနေ ဖြစ်သည်။ |
| ၄ နှင့် ၄.၉ ကြား | လူတိုင်းလိုလို ခံစားမိသော အခြေအနေ ဖြစ်သည်။ |
| ၅ နှင့် ၅.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင် မပြောပလောက်သော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။ |
| ၆ နှင့် ၆.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင်ပင် သိသာသော ပျက်စီးမှုတွေ့ရသော အခြေအနေ ဖြစ်သည်။ |
| ၇ နှင့် ၇.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံများတွင် ဆိုးရွားသော ပျက်စီးမှုတွေ့ရသော အခြေအနေဖြစ်သည်။ |
| ၈ နှင့်အထက် | ကြီးမားသော ပျက်စီးပြိုကျမှုများ တွေ့ရသော အခြေအနေဖြစ်သည်။ |

ငလျင်သည် အလျားလိုက်နှင့် အထက်အောက်လှုပ်ရှားနိုင်ပြီး ငလျင်၏ပြင်းအား၊ အဆောက်အအုံ၏ တည်ဆောက်ပုံ၊ တည်နေရာတို့အပေါ်မူတည်၍ ပျက်စီးမှုများ ကွာခြားနိုင်ပါသည်။

**“ပြည်သူလူထုအနေဖြင့် အချိန်မရွေးလှုပ်ခတ်နိုင်သည့် ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ အချိန်တိုင်းတွင် ဂရုပြုနေထိုင်ကြပါရန်၊ ပြည်သူအထိတ်တလန့်ဖြစ်စေမည့် ကောလာဟလသတင်းများကို ဖြန့်ဝေခြင်းမပြုကြပါရန်၊ မယုံကြည်ပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်သတင်းရယူ အကူအညီတောင်းခံနိုင်”**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## တစ်ဦးတည်းဖြစ်ပါကြောင်း

တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်အမှတ် ၁၇ဝ၉၁ဝ(၂ဝ၁၈)ဖြင့် အောင်မြင်သည့် မနီလာခင်အောင်၏ မိခင် ဒေါ်နုနုနှင့် မစိန်သန်းနု ၁၁/မပန(နိုင်)ဝဝ၅၉၁၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မင်းပြားမြို့၊ အထက(၃)G-10 (သစ်) တန်းမှ မောင်ကျော်ကျော်ခန့်၏ ဖခင်အမည်မှန်မှာ ဦးမောင်နှင်းအောင် ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဘူးသီးတောင်မြို့၊ ယင်ဘောင်ကျေးရွာနေ ဦးမောင်လှမြင့်၏သား မောင်နိုင်ဦး ၁၁/ဘသတ(နိုင်)ဝ၄၈၃၄၁ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ (၂-၁-၂ဝဝ၄) ဖြစ်ပါကြောင်း။ **မောင်နိုင်ဦး**

## အမည်မှန်

ဘူးသီးတောင်မြို့နယ်၊ ယင်ဘောင်ကျေးရွာနေ (ဘ) ဦးအကျန်၏ သား ဦးမောင်လှမြိုင် ၁၁/ဘသတ(နိုင်) ဝ၂၆၂ဝ၅ ၏ အမည်မှန်မှာ ဦးမောင်လှမြင့် ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/6012, Si Thu Light Truck , Pick up(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းထွန်း ၅/ရဘန(နိုင်)ဝ၈၁ဝ၄၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃ဝ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါကြော်ငြာ ပြင်ဆင်ချက်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုရန်အတွက် Bank Note Processing Machine BPS C4-4 Machine and BPS C4-8 Machine (၁၂)လုံး၏ Spare Parts များနှင့် Bank Note Processing Machine BPS-M7(၄)လုံး၏ (Consumables) ဆက်စပ်ပစ္စည်းများဖြစ်သော (Foil, Band Strap, Shrink Film)တို့အား ဝယ်ယူလိုကြောင်း (၂၃-၇-၂ဝ၂၂)ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် အိတ်ဖွင့်ကြော်ငြာ ထည့်သွင်းခဲ့ပါသည်။

၂။ ၎င်းကြော်ငြာတွင်ပါရှိသည့် တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက်နှင့် တင်ဒါဖွင့်လှစ်မည့် နေ့ရက်တို့အား အောက်ဖော်ပြပါအတိုင်း ရွှေ့ဆိုင်းဆောင်ရွက်မည်ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ရွှေ့ဆိုင်းမည့်ရက်/အချိန် |
|---|---|---|
| ၁ | တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် | ၂-၉-၂ဝ၂၂ရက် ညနေ ၄ နာရီ |
| ၂ | တင်ဒါဖွင့်လှစ်မည့် နေ့ရက် | ၈-၉-၂ဝ၂၂ရက် နံနက် ၁ဝနာရီ |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-ဝ၆၇-၃၄၁၈၂၉၃ (အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၇၉၅၂, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာမြင့် ၉/ပမန(နိုင်)၁၇၄၉၁၅ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃ဝ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ အမှတ်(၉)ရပ်ကွက်၊ အကွက်အမှတ်(၉၊ အောက်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၄ဝ)၊ ဧရိယာ(ဝ.ဝ၃၆) ဧကရှိမြေအား ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ (၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၂ဝ) နေ ဒေါ်ဆွေဆွေ ၁၄/ဓနဖ(နိုင်)ဝဝ၆၃ဝ၅ နှင့် ဒေါ်ခိုင်ခိုင် ၁၄/ဓနဖ(နိုင်)ဝဝ၆၄၅၅ တို့မှ မြေငှားဂရန်သက်တမ်းတိုး အမည်ပြောင်းရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ ဓနုဖြူမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်မှုးရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများနှင့် အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်သက်တမ်းတိုးအမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၆)လမ်း၊ အမှတ်(၁၈၉) ၊ တိုက်ကိုမျက်နှာမူလျှင်(ဝဲ)၊(၂)ခန်းတွဲ၊ RC(၆)ထပ်တိုက်အဆောက်အအုံ၏ မြေညီထပ်(A) + ထပ်ခိုး၊ ဧရိယာ(၉၇၂+၅ဝ၄) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်အုံးမြင့် ၁၂/ဥကတ(နိုင်)ဝ၆၆၁၆၃၊ ဒေါ်ခင်စန်းတင့် ၁၂/ဥကတ(နိုင်)၁၁၇၉၉၆၊ ဦးမောင်မောင်ဌေး ၁၂/ဥကတ(နိုင်) ဝ၆၆ဝ၃၁၊ ဦးကြည်လွင် ၁၂/အစန(နိုင်)ဝ၉၈၇၈၇ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော၊ ဒေါ်သဲဦးချစ် ၁၄/မမက(နိုင်)၂၃၈၉၇ဝ က အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သဲဦးချစ်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ (စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ ကမ်းနားလမ်း၊ အခန်းအမှတ်(၁၇-ဝ၆)၊ PARAGON RESIDENCE CONDOMINIUM, Type(B), RC(၂၇)ထပ်တိုက် ကွန်ဒိုအဆောက်အအုံ၊ အလွှာ (၁၇)၊ ဧရိယာ(၁၅၃၉)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးကျော်သာဦး ၁၂/လမတ(နိုင်)ဝဝ၁၅၅၈ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးနေလင်းထိုက် ၁၂/လမတ(နိုင်) ဝ၂၉၂၉၄၊ ဒေါ်မြတ်မွန်မွန် ၁၂/အလန(နိုင်) ဝ၃၈၂၂၆တို့က အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေလင်းထိုက်၊ ဒေါ်မြတ်မွန်မွန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/၁၁-ကမာရွတ်)၊ (၅)ရပ်ကွက်၊ မြကန်သာ(၂)လမ်း၊ မြေကွက်အမှတ်(၇)၊ အကျယ်အဝန်း(ဝ.ဝ၅၆-ဧက)ရှိ ဦးအောင်ဇော်နိုင် (၁၂/လမတ(နိုင်)ဝ၂၅၇၅၈) အမည်ပေါက်နှစ်(၆ဝ)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခိုင်နွယ်ဦး(၉/ပမန(နိုင်) ၁၃၂၄၉၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| Hein Htet San Law Firm | ဝ၉ ၅၅ဝ ၆၁ ၄၆ ၊ ဝ၉၄၅ ၅၅ဝ ၆၁၄၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၁၉ဝ)၊ အကျယ်အဝန်း(၄ဝပေ× ၆ဝပေ)ရှိ ဒေါ်ယဉ်ယဉ်စမ်းမင်း (၁၂/ရကန(နိုင်)ဝ၂၈၉၄၃)အမည်ပေါက် နှစ်(၆ဝ)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဦးနေလင်း(၁၂/သခန(နိုင်)ဝဝဝ၅၇၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |
| Hein Htet San Law Firm | ဝ၉ ၅၅ဝ ၆၁ ၄၆ ၊ ဝ၉၄၅ ၅၅ဝ ၆၁၄၆ |

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန
## ၂ဝ၂၂-၂ဝ၂၃ ဘဏ္ဍာနှစ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများအတွက် ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၈-၇-၂ဝ၂၂ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်နေ့ရက်နှင့် အချိန်** - ၁၇-၈-၂ဝ၂၂ ရက် (ဗုဒ္ဓဟူးနေ့) ညနေ(၄:၃ဝ)နာရီ

၃။ တင်ဒါစည်းကမ်းချက်များနှင့် ဝယ်ယူမည့်ဆေးနှင့်ဆေးပစ္စည်းများ စာရင်းအသေးစိတ်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**စစ်ကိုင်းတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ရတနာလမ်းသွယ်၊ နန္ဒဝန်ရပ်ကွက် ၊ မုံရွာမြို့**
**ဖုန်း- ဝ၇၁-၂၂၆၁၅၊ ဝ၇၁-၂၂၇၁၅၊ ဝ၇၁-၂၁ဝ၄၈**

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့၊ ကျော်ဇင်ရပ်ကွက်နေ ဦးမြင့်စိုး-ဒေါ်ရီရီလွင် တို့၏သား မောင်ကောင်းမြတ်လွင်၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၅-၂ဝဝ၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ အထက(ရုံးစည်ကြီး) Grade-2မှ မချစ်ကဲသာနှင့် Grade-7မှ မရွှေယွန်းအိမ်တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း ၉/တသန(နိုင်)၁၂၃၃၄၈ ဖြစ်ပါကြောင်း။

**ဦးထွန်းဝင်း**

## ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ အထက(ရုံးစည်ကြီး) Grade-4မှ မမြတ်ကေခိုင်နှင့် Grade-8မှ မမိုးမြတ်ခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့် ၉/တသန(နိုင်)ဝဝ၅၈၈၉ ဖြစ်ပါကြောင်း။

**ဦးဝင်းမြင့်**

## ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ အထက(ရုံးစည်ကြီး) Grade-1မှ မောင်စွမ်းဝေယံနှင့် Grade-5မှ မောင်ထက်ဘုန်းပြည့်တို့၏ ဖခင်အမည်မှန်မှာ ဦးညီညီနိုင် ၉/တသန(နိုင်)၁၄၁ဝ၄၉ ဖြစ်ပါကြောင်း။

**ဦးညီညီနိုင်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၁၂)၊ မာဃ ၁၂ လမ်း၊ မြေကွက်အမှတ် (၉၂၅/က) ဟုခေါ်တွင်သော (၂ဝပေx၆ဝပေ) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ခန်းတည်း (၆)ထပ်တိုက်၏ (ပထမလွှာ)၊ အကျယ်အဝန်း (၁၈ပေ x ၅၄ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးစိုးနိုင် ၁၂/ဥကတ(နိုင်)ဝဝ၇၈၂၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်း (မူရင်း) များနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လွင်လွင်ထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၅၃)**
**အမှတ်(၈၁)၊ သူရလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**
**ဖုန်း-ဝ၉-၅၁၂ဝ၈၂၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သမာဓိလမ်း၊ မြေတိုင်းအမှတ်(၃၉/B)၊ မြေကွက်အမှတ်(၄၅၂)၊ (အလျား ပေ ၄ဝ x အနံ ပေ ၆ဝ) စတုရန်းပေ (၂၄ဝဝ)ရှိသော ဦးဟုတ်လှိုင် အမည်ပေါက် နှစ်(၆ဝ)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုလာသူ ဦးချန်ထွန်းအောင် ၁၂/အစန(နိုင်) ဝ၉၅၅၃၃ထံမှ ကျွန်ုပ် ဦးကျော်မောင်မောင်ဝင်း ၉/ပမန(နိုင်)၁၇ဝ၈၃၇က ဝယ်ယူမည်ဖြစ်ပါ၍ တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအားပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်း(မူရင်း) များနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်မောင်မောင်ဝင်း ၉/ပမန(နိုင်) ၁၇ဝ၈၃၇**
**အမှတ်(၈၁)၊ သူရလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း-ဝ၉-၅၁၂ဝ၈၂၇**

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီ(၆)လမ်း၊ အမှတ်(၁၅၁)တည်နေရာတွင် ဆောက်လုပ်ထားသည့် (၆)ထပ်တိုက်ကွန်ဒိုအဆောက်အအုံ၏ တတိယထပ်၊ အကျယ်အဝန်း (၂၁၈၇)စတုရန်းပေရှိသော အခန်းအမှတ်(ဝဝ၃)ဟုခေါ်တွင်သည့် ကွန်ဒိုတိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

